# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၀၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




မြန်မာ့အလင်း

# ကျန်းမာခြင်းဆုလာဘ်ရရှိဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်စို့

ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်အတွက် ပုံမှန်ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုပြုလုပ်ရန်လိုသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုဟုဆိုရာတွင် (၁) သက်လုံကောင်းမှု၊ (၂)ကြွက်သားသန်မာမှု၊ (၃) ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းနိုင်မှု၊ (၄) ခန္ဓာကိုယ်ပျော့ပျောင်းမှုဟူသော အကျိုးများရရှိနိုင်စေရန်အတွက် ဆိုင်ရာဆိုင်ရာလေ့ကျင့်ခန်းများကို အစီအစဉ်ဖြင့် စနစ်တကျပြုလုပ်ကြခြင်းဖြစ်သည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများက ကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းစေသည်ဆိုခြင်းကို သိရှိထားကြသည့်တိုင် လက်တွေ့တွင် မလုပ်နိုင်၊ မလုပ်ဖြစ်ကြသည်က များသည်။

မျက်မှောက်ကာလတွင် နည်းပညာတိုးတက်မြင့်မားလာခြင်းနှင့်အတူ လူနေမှုပုံစံများလည်း ပြောင်းလဲလာသည့်အလျောက် အစားအသောက်နှင့် နေ့စဉ်လှုပ်ရှားသွားလာမှု၊ အလုပ်အကိုင် စသည်တို့က လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာသည်။ အဝလွန်ရောဂါ၊ နှလုံးနှင့် သွေးကြောရောဂါ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ကင်ဆာအမျိုးမျိုး၊ သွေးကြောပိတ်၊ စိတ်ကျ၊ မှတ်ဉာဏ်ချို့ယွင်းစသည့် မကူးစက်တတ်သော ရောဂါများ အဖြစ်များလာသည်။ ခန္ဓာကိုယ်တွင် ရောဂါတစ်စုံတစ်ရာ စွဲကပ်လာမှ ကုသခြင်းထက် ရောဂါများမဖြစ်မီကပင် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပုံစံအတိုင်း စားသောက်သွားလာ၊ နေထိုင်၊ လုပ်ကိုင်ခြင်းဖြင့်သာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရာတွင် "လမ်းလျှောက်ခြင်း" သည် အလွယ်ကူဆုံး၊ ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အကျိုးကျေးဇူးအများဆုံးဖြစ်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားကြသည်။ နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ လွန်စွာများပြားသည့်အလျောက် ယခုကဲ့သို့ မိုးလေကင်းစင်၊ ခြေခင်းလက်ခင်းသာပြီး အေးမြသည့် ရာသီမှစကာ နှစ်ပေါက်သည်အထိ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို ပြုလုပ်ကြပြီး ကျန်းမာရေးအကျိုးရလဒ်များ ခံစားရယူနိုင်ကြသည်။

လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို တစ်နေ့လျှင် နာရီဝက်မျှ ပြုလုပ်ခြင်းအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားမှုကို လျှော့ကျစေနိုင်သည်။ ပုံမှန်လမ်းလျှောက်ခြင်းသည် ကယ်လိုရီများကို လောင်ကျွမ်းစေကာ ကိုယ်အလေးချိန်ကို ထိန်းညှိစေသည့်အတွက် အဝလွန်ခြင်းကို လျှော့ကျစေသည်။ ထို့အပြင် ဆီးချိုကိုလည်း ထိန်းပေးနိုင်သည်။ အမျိုးသမီးများတွင်လည်း နေ့စဉ် ကျန်းမာရေးအတွက် လမ်းလျှောက်ပါက ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာဖြစ်နှုန်းကို လျှော့ကျစေနိုင်သည်။ ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေသည့်အတွက် ဖျားနာမှုနှုန်း လျှော့ချပေးနိုင်သည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းက ခန္ဓာကိုယ် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို မြှင့်တင်ပေးနိုင်သည်သာမက ဦးနှောက်နှင့် မှတ်ဉာဏ်ပိုင်းကိုလည်း ပိုမိုကောင်းမွန်စေပြီး စိတ်ပိုင်းဆိုင်ရာ ခံစားမှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုလည်း ဖြစ်ပေါ်စေသည်။

လမ်းလျှောက်ခြင်းသည် မကူးစက်တတ်သော ရောဂါများစွာတို့အတွက် အစွမ်းထက်သည့် ဆေးတစ်လက်ဖြစ်သည့်အားလျော်စွာ အေးမြသာယာသည့် နံနက်ခင်းတွင် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဆုလာဘ်ကို လူတိုင်း ပိုင်ဆိုင်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။

★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။

★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။

★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

( ၁၇ - ၁၁ - ၂၀၂၂ )

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုး ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၉-၁၁-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၂-၉-၂၀၂၂) နေ့မှ (၂၈-၁၀-၂၀၂၂) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၁၂ ဦး ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၁၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၁၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

◆ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဘဏ္ဍာရေးနှင့် ငွေကြေးစနစ် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံအတွင်း လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ၊ တွင်းထွက်နှင့် သဘာဝသယံဇာတ ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီညွှန့်စောနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATI-ROV Alexander Sergeevich နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်၍ လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည့်အချက်များ၊ လုပ်ငန်းကော်မတီအတွင်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို မြှင့်တင်ပေးခြင်းသည် များစွာအကျိုးရှိ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးဇုန်များ ပြုလုပ်၍ MSME လုပ်ငန်းများဖြင့် အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၉/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်သကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် အဖွဲ့များလည်းပါဝင်ကြောင်း၊ လာရောက်ဆွေးနွေးသည့် အဖွဲ့များအားလုံးအနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုသည့် သဘောထားများရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်တွင် အခြေခံ၍ ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့နှင့် ဆွေးနွေးချိန်အတွင်း ဥပဒေအရ ဆောင်ရွက်၍ရသည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးအရ အမြင့်ဆုံးရှိသည့် လွှတ်တော်ကိုတင်ပြရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ဆွေးနွေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရန်လိုအပ်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်လိုကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရမည်ဖြစ်ပြီး အဆိုပါကိုယ်စားလှယ်များအနေဖြင့် တိုင်းရင်းသားအရေး၊ ဒေသအရေးများကို စိတ်ပါဝင်စား၍ ဆွေးနွေးနိုင်သူများဖြစ်ရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားများပါဝင်နိုင်ရေး PR စနစ်ဖြင့် ဆောင်ရွက်နိုင်သည်ကို မိမိအနေဖြင့် ရှင်းလင်းပြောကြားခဲ့ရာ အချို့အဖွဲ့များအနေဖြင့် သဘောတူညီမှုများရှိကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ ဒီဇင်ဘာလအတွင်း သဘောတူညီချက်တစ်ခု ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ထိုက်သင့်သလောက် တိုးတက်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့သော တိုင်းရင်းသားဒေသများတွင် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မဲစာရင်းပြုစုခြင်း လုပ်ငန်းများကို အထောက်အကူဖြစ်စေပြီး လာမည့်အထွေထွေရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲများ၌ ကျန်ရှိခဲ့သည့် တိုင်းရင်းသားဒေသများ၌ပါ ရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ

မိမိအနေဖြင့် နိုင်ငံ၏စီးပွားမြှင့်တင်နိုင်ရေးအတွက် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အကျိုးရှိသည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်ကို ဆွေးနွေးပြောကြားခဲ့ကြောင်း။

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ကုန်ကြမ်းသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အချို့ကုန်ကြမ်းများမှာ ပြည်ပမှ တင်သွင်းရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်းသည် သေချာသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် မိမိအနေဖြင့် တိုက်တွန်းနေခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်ရန်ဖြစ်ကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းမရှိဘဲ ပြည်ပမှ တင်သွင်းမှုများကိုသာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ မြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

MSME လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ချေးငွေများလိုအပ်သည်ဟု တင်ပြမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် သာမန်ချေးငွေနှင့် ကိုဗစ်ကြောင့် ပျက်စီးသွားသည့် လုပ်ငန်းများပြန်လည်လည်ပတ်နိုင်ရေးအတွက် ချေးငွေများ ထုတ်ချေးပေးထားကြောင်း၊ အဆိုပါချေးငွေများနှင့် ပတ်သက်၍ သက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့အခက်အခဲများ လျော့နည်းစေရေး နိုင်ငံတော်မှ ချေးငွေသက်တမ်းကို ကာလတစ်ခုအထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ မတည်ရင်းနှီးငွေများ ချေးပေးရန်တင်ပြမှုများနှင့် ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိကြောင်း။

လူသားအရင်းအမြစ်များ ရရှိရေးအတွက်လည်း အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာအဆင့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် အထက်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် စက်မှုလက်မှုသိပ္ပံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒနှင့်အညီ တက္ကသိုလ်များသို့ တက်ရောက်သင်ကြားရေးဆောင်ရွက်၍ရကြောင်း၊ ဝန်ကြီးဌာနများအလိုက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး

စာမျက်နှာ ၅ သို့

❑ **ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးလျက်ရှိ၊ ဒီဇင်ဘာလအတွင်း သဘောတူညီချက်တစ်ခု ရရှိနိုင်မည်ဟုမျှော်လင့်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ထိုက်သင့်သလောက် တိုးတက်မှုများရှိသည်ကို တွေ့ရှိရ**

❍ **နိုင်ငံ၏စီးပွားမြှင့်တင်နိုင်ရေးအတွက် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အကျိုးရှိသည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်နိုင်ခဲ့**

*စာမျက်နှာ ၄ မှ*

သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများကလည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် MSME လုပ်ငန်းများကို များစွာအထောက်အကူပြုစေကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို မြှင့်တင်ပေးခြင်းသည် များစွာအကျိုးရှိကြောင်း၊ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိကြောင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမရှိဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်ကြောင်း၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်းမရှိနိုင်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးဇုန်များပြုလုပ်၍ MSME လုပ်ငန်းများဖြင့် အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု

နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြရကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးမြှင့်တင်နိုင်သည့် အလားအလာများစွာရှိသော်လည်း မျှော်လင့်သလောက် တင်ပို့နိုင်မှုမရှိသည်ကို တွေ့မြင်နေရကြောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ရှိကြောင်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့်ရှိပြီး နယ်စပ်ကုန်သွယ်ရေးသည် ၂၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

## တိုင်းပြည်စည်းလုံးညီညွတ်မှုမပျက်ပြားစေရေး တပ်မတော်မှကြိုးပမ်းဆောင်ရွက်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံရေးအကျပ်အတည်းများကြောင့် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်ပြီး လုယက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများထံမှ လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ယခုအခါ အကြမ်းဖက်တိုက်ခိုက်မှုများ နည်းပါးသွားသော်လည်း အချို့သောနေရာများတွင် ကျန်ရှိနေသေးကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်ဟု မိမိအနေဖြင့် မကြာခဏပြောကြားခဲ့ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှ မွေးဖွားလာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တပ်မတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါတွင်လည်း မိမိတို့အနေဖြင့် နိုင်ငံတော်အား အရေးပေါ်ခြေအနေကြေညာခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စောင့်ထိန်း၍ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေဖြစ်သဖြင့် အခြေအနေချင်း မတူညီကြောင်း၊ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်ကြောင်း၊ တပ်မတော်သည် အမြဲတမ်းတည်ရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ်ကြောင်း၊ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးကြောင့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်မြှင့်တင်ဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ကောင်းမွန်နေရန်နှင့် အနှောင့်အယှက်အတားအဆီးများမရှိရန် လိုအပ်ကြောင်း၊ အချို့သော ကုန်စည်စီးဆင်းသည့်လမ်းကြောင်းများနှင့် ရထားလမ်းများ၌ အနှောင့်အယှက် အတားအဆီးများ ရှိနေသေးသောကြောင့် နိုင်ငံတော်မှ လုံခြုံရေးဆောင်ရွက်ရခြင်းများ ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးသိန်းညွန့်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခင်မောင်ဆွေ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်။

## ရွေးကောက်ပွဲကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိ

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ် နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲ ၃ ကြိမ်၌ ပထမအကြိမ် ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၅ မြို့နယ်၊ ဒုတိယအကြိမ်တွင် ၃၂၃ မြို့နယ်၊ တတိယအကြိမ်တွင် ၃၁၅ မြို့နယ်တို့တွင် ကျင်းပခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နယ်မြေများအားလုံးတွင် မှန်ကန်သည့် ရွေးကောက်ပွဲ၊ ပြည်သူအများစုက လက်ခံသည့်ရွေးကောက်ပွဲဖြစ်မှသာ နောင်တက်လာမည့် အစိုးရက လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ရန်အတွက် ပါတီများ စနစ်တကျဖွဲ့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ပါတီများအနေဖြင့် ပြည်သူများက အားကိုးရသည့် ပါတီ၊ ရွေးချယ်ခံရသည့် ပါတီကိုယ်စားလှယ်သည်လည်း ပြည်သူက အမှန်ယုံကြည်စိတ်ချစွာဖြင့် ရွေးချယ်သည့် လွှတ်တော်အမတ်များဖြစ်ရန် လိုကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို PR စနစ်ဖြင့် ကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကောင်စီဝင်များအနေဖြင့်လည်း ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များက အကြမ်းဖက်လုပ်ဆောင်ချက်များကို ထိရောက်စွာအရေးယူနိုင်ရန် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြစ်မှု၊ ပြစ်ဒဏ် မျှတရေးလိုအပ်သလို ပြင်ဆင်ဖြည့်စွက်မှုများဆောင်ရွက်ရေး၊ အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေး စိစစ်ဆောင်ရွက်မှု အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ ဦးဆောင်သည့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ဆောလျင်စွာဖွဲ့စည်းပေးနိုင်ရေး၊ အချိုးကျကိုယ်စားပြုစနစ်(PR) အောင်မြင်စွာ ကျင့်သုံးနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရေး၊ ကျောက်စိမ်း တရားမဝင်တူးဖော်နေမှုများအား အရေးယူဆောင်ရွက်ပေးရေး၊ ကျောက်မျက်၊ ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်းအပေါ် အခွန်ကောက်ခံမှုအား ပြန်လည်သုံးသပ်ပေးရေး၊ နိုင်ငံတော်အနေဖြင့် သတ်မှတ်အခွန်ကောက်ခံ၍ မြေရှားသတ္တုတူးဖော်ခွင့်ပြုရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့် ထောက်ပံ့ရေး ကွင်းဆက်အစီအမံများ ဆောင်ရွက်ပေးရေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကာလရှည်တာဝန်ပေးအပ်နိုင်ရန် ဥပဒေပြင်ဆင်ပြဋ္ဌာန်းပေးရေး၊ ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပါတီစုံစနစ်ပီပြင်စေရေးနှင့် ရွေးကောက်ပွဲအပေါ် အများပြည်သူယုံကြည်မှုရှိစေရေးအတွက် လိုအပ်ချက်များအား ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရေချိုရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် သံလွင်မြစ်ပေါ်တွင် ရေပိုလွှဲတည်ဆောက်၍ မြစ်ငယ်မြစ်သို့ ရေလွှဲသွယ်ယူနိုင်ရေးစီမံကိန်းကို စဉ်းစားသုံးသပ်ရေး၊ စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလတွင် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဆုရရှိခဲ့သည့် ပွဲစဉ်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးရေး၊ ရခိုင်ပြည်နယ်ရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရမှ ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ ရွေးကောက်ပွဲပျက်ပြားစေရန် ဟန့်တားနှောင့်ယှက်နိုင်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရေး၊ နေပြည်တော်၌ ၂၀၂၂ ခုနှစ် ခရစ္စမတ်ပွဲတော် ကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်လုပ်ဆောင်ချက်များအား ထိထိရောက်ရောက် အရေးယူနိုင်ရန် တရားရေးမဏ္ဍိုင်မှ ကြပ်မတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ထမ်းဆောင်မှုသက်တမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယင်းကိုပြင်ဆင်လိုပါက လွှတ်တော်တွင်သာ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင် ကျောက်စိမ်း၊ မြေရှားသတ္တု တူးဖော်ထုတ်လုပ်နေမှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ထိန်းသိမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအတွက် သမဝါယမအစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်ပါက နိုင်ငံတော်မှ ချေးငွေများပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ သံလွင်မြစ်ပေါ်တွင် ရေပိုလွှဲ တည်ဆောက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ချက်နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များအား ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလတွင် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဆုရရှိခဲ့သည့် ပွဲစဉ်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ လက်ထက်တွင် နိုင်ငံခြားချေးငွေပြန်လည်ပေးဆပ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁၄၉၅ သန်း ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်း၊ ပြည်ပချေးငွေနှင့်ထောက်ပံ့ငွေများရယူခဲ့ခြင်းမရှိဘဲ ကုန်သွယ်မှုရငွေ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုရငွေ၊ အခွန်အခရငွေများဖြင့် ပေးဆပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက် ယခင်အစိုးရ၏ နိုင်ငံခြားချေးငွေများကို နှစ်စဉ်ပုံမှန်ပေးဆပ်လျက်ရှိပါကြောင်း၊ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယင်းအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန် တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံတကာအဆင့်မီ နေပြည်တော်က နိုင်ငံ့ထိပ်တန်းတက္ကသိုလ်(သို့မဟုတ်) နေပြည်တော်က မြကျွန်းညိုညို

**မြန်မာတို့ရဲ့ ကျောက်မျက်ရတနာတွေထဲမှာ မြဆိုတာ အစိမ်းရောင်ရှိတဲ့ ကျောက်တစ်မျိုးမို့ ပညာရေးကို မြနဲ့တင်စားကြပါတယ်။ အစိမ်းရောင်ဟာ အေးမြခြင်းမို့ ပညာပြည့်ဝနှလုံးလှသူတွေရဲ့ စိတ်ဓာတ်ဟာ အေးမြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးဆုံးအချက်ကို ပြောပါဆိုရင် လူတိုင်းကပညာရေးကိုပဲ ပြောကြမှာပါ။ ပညာရေးဟာ လူသားတို့ဘဝအတွက် အရေးကြီးလှသလို နိုင်ငံတစ်နိုင်ငံအတွက်လည်း အလွန်အရေးပါလှပါတယ်။**

*ကောင်းမြင့်ခိုင်*

### ပညာရေးဟာ နိုင်ငံရဲ့ အခြေခံအုတ်မြစ်

ဒီကနေ့ခေတ်က ပညာခေတ်ဆိုတော့ ပိုလို့တောင် အရေးပါအရာရောက်လှပါတယ်။ ပညာဆိုတာမှာလည်း ခေတ်နဲ့အညီခေတ်မီပညာတွေ တတ်မြောက်ထားကြဖို့ လိုအပ်လှပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတိုင်းမှာ ပညာရေးဟာ နိုင်ငံရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ တက္ကသိုလ်လို့ ဆိုလိုက်တာနဲ့ လူတိုင်းရဲ့စိတ်အမြင်မှာ မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ကြီးကို မြင်ကြမှာပါ။ အခုအခါမှာတော့ ရန်ကုန်တက္ကသိုလ်ကြီးလိုမျိုး နေပြည်တော်မှာလည်း နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခု ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်လေတော့ နိုင်ငံသူ နိုင်ငံသားလူငယ်မောင်မယ်တို့အတွက် ပညာရေးဟာအရာရာတိုင်းရဲ့ ရှေ့ဆုံးမှာ ရှိနေရမှာပါ။ လူသားအရင်းအမြစ်ဖြစ်တဲ့ ပညာတတ်တွေ ပေါကြွယ်ဝမှသာ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမှာပါ။ နိုင်ငံတော်အစိုးရအနေနဲ့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေနဲ့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ပညာရည်မြင့်မားရေးတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲလိုဆောင်ရွက်နေတဲ့အထဲမှာ ကိုဗစ်-၁၉ ရောဂါကြောင့်ပိတ်ထားခဲ့ရတဲ့ကျောင်းတွေကို အခက်အခဲမျိုးစုံကြားကနေ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့တာဟာလည်း ပညာရေးကဏ္ဍရဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။

### Naypyitaw State Academy ဖွင့်လှစ်ခြင်း

နိုင်ငံတော်အတွက် ကျက်သရေမင်္ဂလာရှိတဲ့ နေ့ထူးနေ့မြတ် အခမ်းအနားတစ်ခုကိုပြောရရင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်မှာ Naypyitaw State Academy ကို ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီ သတင်းကို ရုပ်မြင်သံကြားမှာ မြင်လိုက်ရတာ တကယ့်ကို ကြည်နူးပီတိဖြစ်စရာပါပဲ။ တက္ကသိုလ်ကြီး တစ်ခုဖွင့်လိုက်နိုင်ခြင်းဟာ လူငယ်မောင်မယ်တွေအတွက် ကြီးမားတဲ့ လက်ဆောင်ကြီးတစ်ခု ပေးလိုက်တာပါပဲ။ လူငယ်မောင်မယ်အစဉ်အဆက် သုံးလို့မကုန်နိုင်တဲ့ လက်ဆောင်ပါပဲ။ စီးပွားရေးစကားနဲ့ ပြောရရင်တော့ လူငယ်တွေရဲ့ဘဝခရီးအတွက် အရင်းအနှီးကြီးကြီးမားမား ထုတ်ပေးတဲ့ နေရာတစ်ခုကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်ပေးလိုက်တာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် Naypyitaw State Academy ကို တက်ရောက်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပါတယ်။ ပြီးတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Naypyitaw State Academy ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်တွေ ပက်ဖျန်းပေးပါတယ်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူတွေကလည်း Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်တွေ ပက်ဖျန်းပေးကြပါတယ်။

အဲဒီနောက်ပထမထပ်မှာရှိတဲ့ Funiction Hall အတွင်းမှာ Naypyitaw State Academy ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားကိုဆက်လက်ကျင်းပကြပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်က ဆရာမတွေ၊ ကျောင်းသူတွေနဲ့ အနုပညာရှင်တွေက Naypyitaw State Academy အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပါတယ်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပါတယ်။ အဖွင့်အမှာ စကားပြောကြားပြီးတဲ့အခါမှာတော့ မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ထိပ်တန်းတက္ကသိုလ်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပါတယ်။ အဲ့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့အဖွဲ့ဝင်တွေက အခမ်းအနားတက်ရောက် လာကြသူတွေနဲ့အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါတယ်။ ဒီမြင်ကွင်းကရုပ်မြင်သံကြားမှာ တွေ့မြင်ရတဲ့ မြင်ကွင်းတွေပါပဲ။

စာရေးသူဟာ နေပြည်တော်မှာ နေထိုင်သူတစ်ဦးဖြစ်လေတော့ ဒီသတင်းကောင်းဟာ နေပြည်တော် မြို့တော်သူ မြို့တော်သားတွေအတွက် ရွှေသတင်းပါပဲ။ နေပြည်တော်ကြီးတိုးတက်ဖွံ့ဖြိုးတာကိုမြင်တွေ့လိုကြတဲ့ နေပြည်တော်သားတွေအတွက် ငါတို့နေပြည်တော်ကြီးမှာလေ… ဆိုတဲ့ စကားမျိုး ပြောနိုင်ပြီဖြစ်ပါတယ်။ နေပြည်တော်ဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးမြို့တော်ဖြစ်သလို စီးပွားရေး၊ ဘာသာရေးမှာလည်း ထိပ်တန်းမှာ ရှိနေစေချင်တာ နေပြည်တော်သားတွေရဲ့ဆန္ဒပါပဲ။ ကမ္ဘာမှာအချိန်တိုအတွင်းဖွံ့ဖြိုးတိုးတက်လာတဲ့မြို့တော်တစ်ခုအနေဖြင့် အဖွံ့ဖြိုး ဆုံး၊ အတိုးတက်ဆုံးအဖြစ်လည်း မြင်တွေ့ချင်ပါတယ်။ အခုဆိုရင် နိုင်ငံတကာအဆင့်မီ ထိပ်တန်းတက္ကသိုလ် ဖွင့်လှစ်လိုက်တာဖြင့် အတိုင်းထက် အလွန်ဝမ်းသာမဆုံးပါဘဲ။

### နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ တက္ကသိုလ်ကြီးတစ်ခုအဖြစ် ရည်မှန်းချက်ထား

နိုင်ငံတော်အဆင့် အခမ်းအနားတစ်ခုလိုမျိုး Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့တာဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားက မြိုင်မြိုင်ဆိုင်ဆိုင်စည်စည်ကားကားရှိသလို Naypyitaw State Academy ဖွင့်ရခြင်းရည်ရွယ်ချက်ကလည်းမြင့်မားလွန်းလှပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ တက္ကသိုလ်ကြီးတစ်ခုအဖြစ် ရည်မှန်းချက်ထားရှိတာဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ ထူးခြားဆန်းသစ်စေမယ့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုကို နေပြည်တော်မှာ ဖွင့်လှစ်လိုက်ခြင်းဟာ ကောင်းခြင်းဝေဖြာ ကျက်သရေ မင်္ဂလာရှိလွန်းလှပါတယ်။

"Naypyitaw State Academy ကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုတွေ၏ သားသမီးတွေ၊ နေပြည်တော် ရှစ်မြို့နယ်ဖြစ်သည့် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တွေမှ ဒေသခံပြည်သူတွေ၏ သားသမီးတွေ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ကြောင်းကျိုးဆက်စပ် တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်တွေမွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ် (The Leading University for Wisdom) ဖြစ်စေရန်အတွက် ဦးတည်ချက်ထားကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ အသိပညာအတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် စိတ်ဓာတ်ကောင်းမွန်သော

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy ပုံစံငယ်အား ကြည့်ရှုစဉ်။

**Naypyitaw State Academy ရဲ့ အမှတ်တံဆိပ် ဆောင်ပုဒ်မှာ "ပညာဝေအဓိပတိ" လို့ သတ်မှတ်ထားခြင်းဟာ "ပညာသည်သာ အရှင်သခင်၊ ပညာသည်သာအကြီးအမှူး၊ ပညာသည်သာ ဦးဆောင်သူ" ဖြစ်တယ်လို့ လေးလေးနက်နက် ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။ ပညာကို ဦးထိပ်ပန်ဆင်ကာ ပညာကို အထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်တဲ့ ဌာနကြီး ဖြစ်တယ်လို့ ရည်ညွှန်းထားတာ ဖြစ်ပါတယ်**

*စာမျက်နှာ ၆ မှ*

ပညာတတ်နိုင်ငံ့သားကောင်း ရတနာမွန်တွေကို မွေးထုတ်ပေးသွားမည်ဖြစ်ပါကြောင်း” နိုင်ငံတော်အကြီးအကဲက ပြောကြားတာကို မှတ်သားလိုက်ရပါတယ်။

## ပညာဝေအဓိပတိ

Naypyitaw State Academy ရဲ့ အမှတ်တံဆိပ်ဆောင်ပုဒ်မှာ “ပညာဝေအဓိပတိ” လို့ သတ်မှတ်ထားခြင်းဟာ “ပညာသည်သာအရှင်သခင်၊ ပညာသည်သာအကြီးအမှူး၊ ပညာသည်သာဦးဆောင်သူ” ဖြစ်တယ်လို့ လေးလေးနက်နက် ဖော်ညွှန်းထားခြင်းဖြစ်ပါတယ်။ ပညာကို ဦးထိပ်ပန်ဆင်ကာ ပညာကို အထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်တဲ့ ဌာနကြီးဖြစ်တယ်လို့ ရည်ညွှန်းထားတာဖြစ်ပါတယ်။ Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တွေလို နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုအဖြစ် ရည်ရွယ်ပြီး ဖွင့်လှစ်တာ ဖြစ်ပါတယ်။

## မဟာဌာနများ

Naypyitaw State Academy မှာ အခုလာမယ့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဖွင့်လှစ်ထားတဲ့ အထူးပြုဘာသာရပ်တွေအတွက် တတိယနှစ်ကနေ ပြီးတော့ စတင်သင်ကြားပေးမှာ ဖြစ်ပါတယ်။ တစ်နှစ်ပြီးတစ်နှစ် သင်တန်းတွေတိုးချဲ့ပြီး မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းတွေအထိ ဖွင့်လှစ်မှာဖြစ်လို့ ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ အားကစားပညာမဟာဌာနနဲ့ လူမှုရေးပညာမဟာဌာနဆိုပြီး ဌာနကြီးခုနစ်ခု ဖွဲ့စည်းထားကြောင်း သိရှိရပါတယ်။ အခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာတော့ ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေ ပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာနစတဲ့ မဟာဌာနကြီးလေးခုကို စတင်ဖွင့်လှစ်ထားပြီး ဝိဇ္ဇာပညာမဟာဌာနမှာ ဘာသာရပ်ဌာန ခုနစ်ခု၊ သိပ္ပံပညာမဟာဌာနမှာ ဘာသာရပ်ဌာန သုံးခု၊ စီးပွားရေးပညာမဟာဌာနမှာ ဘာသာရပ်ဌာန လေးခုနဲ့ ဥပဒေပညာ မဟာဌာနမှာ ဘာသာရပ်ဌာန တစ်ခု စုစုပေါင်းဘာသာရပ်ဌာန ၁၅ ခုနဲ့ စတင်ဖွင့်လှစ်သင်ကြားရန် စီစဉ်ထားတယ်လို့ သိရှိရပါတယ်။

ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တို့ရဲ့ မဟာဌာနကြီးတွေ ဖွဲ့စည်းထားရှိတဲ့အတိုင်း ယခုတက္ကသိုလ်မှာလည်း မဟာဌာနကြီးတွေဖွဲ့စည်းကျင့်သုံးထားတာဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ ဆရာ ဆရာမတွေအပြင် နေပြည်တော်ရှိ ဌာနဆိုင်ရာအသီးသီးမှာတာဝန်ထမ်းဆောင်နေကြတဲ့ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးတွေကိုပါ စုစည်းပြီးတက္ကသိုလ်ကြီးမှာ အားဖြည့်သင်ကြားလေ့ကျင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရှိရပါတယ်။

## ထပ်မံဖွင့်လှစ်မည့် မဟာဌာနများ

Naypyitaw State Academy မှာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ တတိယနှစ်နဲ့ပထမနှစ် ဂုဏ်ထူးတန်းတွေကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပြီး အထူးပြုဘာသာရပ်တစ်ခုမှာ ကျောင်းသားကျောင်းသူ ၅၀ အထိ လက်ခံသင်ကြားပေးမှာ ဖြစ်ပါတယ်။ လာမယ့်ပညာသင်နှစ်တွေမှာတော့ ဆေးသိပ္ပံပညာမဟာဌာန၊ အားကစားပညာမဟာဌာနနဲ့ လူမှုရေးပညာမဟာဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပြီး ဆေးပညာ၊ အားကစားပညာနဲ့ လူမှုရေးပညာ အထူးပြုဘာသာရပ်တွေကို ထပ်မံဖွင့်လှစ်သင်ကြားပေးဖို့ စီစဉ်ထားရှိပါတယ်။ ဒ့ါအပြင်ပညာသင်နှစ်အလိုက် အတန်းတွေတိုးချဲ့ဖွင့်လှစ် လက်ခံသင်ကြားမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ရဲ့ သင်ကြားသင်ယူမှုပုံစံမှာ နိုင်ငံတကာ အဆင့်မီ အရည်အသွေးအာမခံချက်ရှိစေရေးအတွက် ကျောင်းသားဗဟိုပြုလေ့လာမှု ပုံစံဖြင့် သင်ကြားပေးမှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေရဲ့ တွေးခေါ်မြော်မြင်နိုင်မှု၊ လေ့လာဆန်းစစ်နိုင်မှု၊ အကျိုးအကြောင်းဆင်ခြင်သုံးသပ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတွေကို မြှင့်တင်ပေးနိုင်တဲ့ သင်ကြားမှုနည်းစနစ်တွေကို အသုံးပြုသင်ကြားကြဖို့ ဆရာ ဆရာမတွေ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိတယ်လို့သိရပါတယ်။

## နိုင်ငံတော်အတွက် ဂုဏ်ယူစရာတက္ကသိုလ်ကြီး

အထောက်အကူပစ္စည်းတွေဖြစ်တဲ့ Text books၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းတွေ၊ Internet Access နဲ့ E-library တွေအပါအဝင် သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတဲ့အခါ လျှောက်ထားသူသည် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားလိုက်နာနိုင်သူ၊ ဤတက္ကသိုလ်မှ သတ်မှတ်ထားသော စည်းကမ်းတွေကို လိုက်နာနိုင်သူ ဖြစ်ရပါမယ်။ သင်တန်းနှစ်တွေကိုတစ်နှစ်ပြီး တစ်နှစ်တိုးချဲ့ ဖွင့်လှစ်သင်ကြားပေးသွားမှာ ဖြစ်ပြီး ဘွဲ့လွန်တန်းတွေဖြစ်ကြတဲ့ မဟာတန်းတွေ၊ ပါရဂူတန်းတွေအထိ ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးနိုင်မှာဖြစ်လို့ နိုင်ငံတော်အတွက်လည်း ဂုဏ်ယူစရာ တက္ကသိုလ်ကြီးဖြစ်သလို နေပြည်တော်သားတွေအတွက်လည်း အားရဝမ်းသာဖွယ် ဖြစ်ပါတယ်။

ဆရာ ဆရာမတွေအနေနဲ့ မိမိတို့သင်ကြားပေးလိုက်တဲ့တပည့်တွေဟာ နိုင်ငံတော်အတွက် အဖိုးထိုက်၊ အဖိုးတန်သားကောင်း သမီးကောင်းရတနာတွေ၊ နိုင်ငံတော်ကိုဦးဆောင်တဲ့သူတွေဖြစ်အောင် သင်ကြားပေးနေသလို ကျောင်းသား ကျောင်းသူတွေအနေနဲ့ ရည်မှန်းချက်ကို ကြီးကြီးမားမား ထားရှိကြရမှာ ဖြစ်ပါတယ်။ တချို့ဆိုရင် နိုင်ငံခြားမှာ ကျောင်းသွားတက်ကြပါတယ်။ အခုအခါမှာတော့ မိမိနိုင်ငံမှာ International အဆင့်မီတဲ့ကျောင်းကို နိုင်ငံတော်ကနေ ဖွင့်လှစ်ပေးလိုက်တဲ့အတွက်ကြောင့် ငွေကြေးအများကြီးကျခံပြီး နိုင်ငံခြားသွားသင်စရာ မလိုတော့ပါဘူး။ တကယ်တော့ Naypyitaw State Academy ဟာ ကျောင်းသားကျောင်းသူတွေအတွက် သူတို့ရဲ့ရည်မှန်းချက်တွေ၊ အိပ်မက်တွေကို အထောက်အကူပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားတဲ့ အသိပညာ၊ အတတ်ပညာတွေနဲ့ပြည့်စုံတဲ့ ဘွဲ့ရပညာတတ်၊ ပညာရှင်ကြီးတွေဖြစ်အောင် သင်ကြားလေ့ကျင့်မွေးထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးသွားရမှာဖြစ်ပြီး နောင်မှာ အရည်အသွေးမြင့်မားတဲ့ ပညာရှင်တွေအရေအတွက်များများ မွေးထုတ်ပေးနိုင်တော့မှာဖြစ်ပါတယ်။

## ပညာရေးမြို့တော်

မြန်မာနိုင်ငံမှာ ယခုဖွင့်လှစ်တဲ့ Naypyitaw State Academy အပါအဝင် ပညာရေးဝန်ကြီးဌာနအောက်မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းနဲ့ ဝန်ကြီးဌာန ၁၁ ခု ရဲ့တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းတွေ အပါအဝင် စုစုပေါင်း ၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။

> **“ တက္ကသိုလ်ရဲ့ သင်ကြားသင်ယူမှုပုံစံမှာ နိုင်ငံတကာအဆင့်မီ အရည်အသွေးအာမခံချက်ရှိစေရေးအတွက် ကျောင်းသားဗဟိုပြုလေ့လာမှုပုံစံဖြင့် သင်ကြားပေးမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ တွေးခေါ်မြော်မြင်နိုင်မှု၊ လေ့လာဆန်းစစ်နိုင်မှု၊ အကျိုးအကြောင်း ဆင်ခြင်သုံးသပ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတွေကို မြှင့်တင်ပေးနိုင်တဲ့သင်ကြားမှုနည်းစနစ်တွေကို အသုံးပြုသင်ကြားကြဖို့ ဆရာ ဆရာမတွေ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ် ”**

နေပြည်တော်မှာလည်း Naypyitaw State Academy သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တို့ရှိပြီး မကြာခင်အချိန်မှာ နည်းပညာတက္ကသိုလ်အဆင့်တိုးမြှင့်မယ့် တက္ကသိုလ်တစ်ခုပေါ်ထွက်လာမှာဖြစ်လို့ ပညာရေးမြို့တော်အဖြစ် ထင်ရှားလာတော့မှာ ဖြစ်ပါတယ်။

Naypyitaw State Academy ကို အရည်အသွေးမြင့်တဲ့ သင်ကြားသင်ယူမှုနည်းစနစ်တွေ၊ နိုင်ငံတကာ အဆင့်မီသင်ရိုးညွှန်းတမ်းတွေ၊ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းတွေ၊ သုတေသနဓာတ်ခွဲခန်းတွေ၊ ခေတ်မီစာကြည့်တိုက်တွေ စသည့်လိုအပ်တဲ့ Facilities တွေ အပြည့်အစုံဖြည့်ဆည်းကာ စာသင်ကောင်းပြီး အမှန်တကယ်တော်တဲ့ ဆရာ ဆရာမတွေက သင်ကြားမှာ ဖြစ်ပါတယ်။ မကြာမီနှစ်တွေအတွင်းမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တွေကဲ့သို့ ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်လာတော့မှာဖြစ်ပါတယ်။

## ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ သွားရောက်ခဲ့ပါတယ်။ အဲဒီလိုသွားရောက်ခဲ့တဲ့ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နဲ့လည်း ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုခဲ့ပါတယ်။ ရုရှား-မြန်မာ မိတ်ဆွေညီအစ်ကို နိုင်ငံနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်တွေ ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ ဆွေးနွေးနိုင်ခဲ့ပါတယ်။ လာမယ့်နှစ်မှာ မြန်မာ - ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု (၇၅)နှစ် ပြည့်မြောက်မှာဖြစ်လို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား၊ တပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်းတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလည်း ပါဝင်ခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် သတင်းကောင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားအမှာစကားမှာ နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်တွေ၊ ကျောင်းတွေမှာလည်း ပညာအဆင့်မြင့်သည်ထက်မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်မှဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်တွေသင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင် ပညာတတ်တွေ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်တွေ၊ နိုင်ငံ့သားကောင်းတွေ ပေါ်ထွန်းလာအောင်ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြုသင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့် ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခုအဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။

“ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများဖြင့်အစပြု” ဆိုတဲ့ဆောင်ပုဒ်အတိုင်း ပညာရှင်ဆရာ၊ ဆရာမတွေက ပညာရေးတိုးတက်အောင်ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှသာ သင်ယူသူကျောင်းသားကျောင်းသူတွေကလည်း ပညာရေးတိုးတက်နေမှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်နဲ့ ဒီကလေးတွေဟာ အနာဂတ်မှာ နိုင်ငံတော်ကို ခေါင်းဆောင်နိုင်သူတွေ ဖြစ်ရမယ်။ ပညာရပ်ပိုင်းဆိုင်ရာ ထူးချွန်ထက်မြက်သူတွေဖြစ်ရမယ်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ လိမ္မာရေးခြားရှိသူတွေဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့သင်ကြားပြသပေးကြရမှာဖြစ်ပါတယ်။ “ဆရာကောင်းတပည့်ပန်းကောင်းပန်” ဆိုတဲ့ မြန်မာ့ဆိုရိုးအတိုင်း အရည်အချင်းပြည့်ဝပြီး ဘက်စုံထူးချွန်တဲ့၊ ဆရာကျင့်ဝတ်နဲ့ ညီညွတ်တဲ့ ဆရာ ဆရာမတွေနှင့်သာ မိမိတို့တပည့်တွေကို လူတော် လူကောင်းဖြစ်ပြီး ဗလငါးတန်နှင့် ပြည့်ဝတဲ့ လူငယ်တွေဖြစ်အောင် မွေးထုတ်နိုင်မှာဖြစ်ပါတယ်။

အဆိုပါ Naypyitaw State Academy ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေအတွက် လိုအပ်သည့်ပညာတတ်လူငယ်တွေ မွေးထုတ်ပေးနိုင်ရေးရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ယခုနှစ်ဧပြီလမှ စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပညာသင်ယူသူတွေ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်တွေ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာရုံးခန်းတွေ၊ စာသင်ခန်းတွေ၊ ဓာတ်ခွဲခန်းတွေနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပါတယ်။ နေပြည်တော်ရှိ အစိုးရဝန်ထမ်းတွေရဲ့ သားသမီးတွေ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူတွေရဲ့ သားသမီးတွေအနေဖြင့်လည်း အဆင့်မြင့်ပညာတွေကို သင်ကြားနိုင်မှာဖြစ်တာမို့ Naypyitaw State Academy ကို ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုပါတယ်။

စာရေးသူအနေနဲ့ဒီဆောင်းပါးကို ရေးဖြစ်တဲ့အကြောင်းလေးကိုလည်း အကျဉ်းချုပ်ပြောပြချင်ပါတယ်။ စာရေးသူရဲ့သားဟာ ၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲမှာ သုံးဘာသာဂုဏ်ထူး၊ အမှတ်ပေါင်း ၄၅၀ ကျော်နဲ့ အောင်မြင်ခဲ့တာမို့ သူ့ရမှတ်နဲ့လိုက်ဖက်ညီတဲ့တက္ကသိုလ်ကို ပို့ခဲ့ရပါတယ်။ အဲဒီတက္ကသိုလ်မှာ ခြောက်နှစ်ကြာ ပညာသင်ကြားခဲ့ရပါတယ်။ ခြောက်နှစ်တာ ကာလပတ်လုံးမှာ အဆောင်ငှားပြီး နေထိုင်ကျောင်းတက်ရတာမို့ လွန်စွာပဲအခက်အခဲနဲ့ ကြုံတွေ့ရပါတယ်။ အဆောင်လခကလည်း ဈေးကြီးလှတဲ့အတွက် ကုန်ကျငွေဟာ များလှပါတယ်။ ဝန်ထမ်းမိသားစုဖြစ်တာမို့ အဝေးမှာရှိတဲ့သားမှာ အခက်အခဲတစ်ခုခုရှိနေရင်တောင် အချိန်မပေးနိုင်တဲ့အဖြစ်မျိုးပါ။ ဩော် ... အခုတော့ကျွန်တော်တို့ နေပြည်တော်သားတွေ၊ မိဘတွေ ကျောင်းသားကျောင်းသူတွေအတွက် ဒီလိုမျိုးတက္ကသိုလ်ကျောင်းတော်ကြီးပေါ်ပေါက်လာပြီဖြစ်လို့ ကျွန်တော့်လိုမျိုး ဒုက္ခတွေမကြုံရတော့ဘူးဆိုတဲ့ အလွန့်အလွန်ဝမ်းသာအားရစိတ်ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်လည်း ဒီဆောင်းပါးကို ကြိုးကြိုးစားစား ရေးသားတင်ပြလိုက်ရခြင်းဖြစ်ကြောင်းပါခင်ဗျာ။ ။

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် ပြခန်းများခင်းကျင်းပြသ

**ဘားအံ နိုဝင်ဘာ ၁၁**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့် လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးနှင့် အခြားဆောင်ရွက်ချက်များကို သိရှိစေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် ကြည့်ရှုလေ့လာနိုင်စေရေး ဌာနဆိုင်ရာ ပြခန်းများအား ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်းတွင် ခင်းကျင်းပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

အဆိုပါ ပြခန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများက အခမ်းအနားဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ဌာနဆိုင်ရာပြခန်းများအဖြစ် ကရင်စာပေနှင့်ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသားရေးရာပြခန်း၊ စည်ပင်သာယာရေးအဖွဲ့ပြခန်း၊ နတလပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်း၊ လမ်းဦးစီးဌာနပြခန်း၊ ဘောအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနပြခန်း၊ စာပေအနုပညာပြခန်း၊ ကျေးလက်လမ်းနှင့် ကျေးလက်ဦးစီးဌာနပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ ပညာရေးပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ သိပ္ပံနှင့်နည်းပညာပြခန်း၊ ပတ်ဝန်းကျင်/ သစ်တော/ သတ္တုပြခန်း၊ မီးသတ်တပ်ဖွဲ့ပြခန်း၊ စားသုံးသူရေးရာပြခန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးပြခန်း၊ အသေးစား အလတ်စား စီးပွားရေးပြခန်း၊ သမဝါယမပြခန်း၊ လျှပ်စစ်ပြခန်းများနှင့် ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသထွက်ကုန်ပြခန်းများလည်း ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ပြခန်းများကို နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ပြသခဲ့ပြီး (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ ပြခန်းများ ခင်းကျင်းပြသခြင်းအပြင် ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဒုံးအကပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✪ *ကျောဖုံးမှ*

ဆောင်ရွက်ခဲ့ခြင်းမဟုတ်သဖြင့် မြန်မာနိုင်ငံအနေနှင့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို လက်ခံမည်မဟုတ်ကြောင်းနှင့် ပြတ်သားစွာပယ်ချသည်။

မြန်မာနိုင်ငံသည် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘောနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်လျက် မြန်မာအစိုးရသည် အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ပြီး၊ နိုင်ငံ့အကြီးအကဲကိုယ်တိုင်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်သည့်နေရာများသို့ ခွဲခြားမှုမရှိဘဲ မျှတစွာပေးအပ်ရေးအတွက် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း စသည့် သိသာထင်ရှားသည့် တိုးတက်မှုများစွာရှိသည်ကို လျစ်လျူရှုထားခြင်းအပေါ် များစွာစိတ်ပျက်မိပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်အား ရည်ညွှန်းဖော်ပြရာတွင် မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကို ပြင်းထန်စွာ ကန့်ကွက်သည်။

ယင်းကဲ့သို့ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်၍ ဖျက်ဆီးလျက်ရှိသည့် NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ရည်ညွှန်းပြောကြားချက်များကို စိတ်ပျက်စွာ တွေ့ရှိရပါသည်။ ထိုကဲ့သို့ တရားမဝင်၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံရာရောက်သည့်အပြင် အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ် ၂ ပါ အခြေခံ “မူ”များကိုလည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းများကိုလည်းကောင်း ဖောက်ဖျက်ရာရောက်ပါသည်။ သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မဆို ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းကို မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချကန့်ကွက်သည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ၊ အချိန် ကန့်သတ်ချက်ဖြင့် ဖိအားပေး၊ အကျပ်ကိုင်သည့် ချဉ်းကပ်မှုမျိုးသည် အကျိုးမရှိနိုင်သည့်အပြင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုပင် ဦးတည်သွားစေနိုင်သည်။

မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်နေမှုသည် တိုးတက်မှုမရှိဟု အကြောင်းပြလျက် အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံပါဝင်မှုကို ပိုမိုကန့်သတ်ပိတ်ပင်ရန် ကြိုးစားခြင်းသည် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ခြင်းကို အတားအဆီးဖြစ်စေသည့်အပြင် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အရေးပါအရာရောက်မှု၊ မိသားစုစိတ်ဓာတ်ကို ပျက်ပြားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံက အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံအသိုက်အဝန်းအကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှုများကို လျစ်လျူရှုမျက်ကွယ်ပြုခြင်းကို ဝမ်းနည်းစွာတွေ့ရပြီး ယင်းလုပ်ရပ်များသည် မြန်မာအစိုးရ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်နေမှုကို အဟန့်အတားဖြစ်စေပါမည်။

အာဆီယံအစည်းအဝေးများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနည်းလမ်းကိုလည်း အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၂၀)ပါ “ဆွေးနွေးခြင်းနှင့် တူညီဆန္ဒ”ပါ အခြေခံမူများအတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း “မူ”ကိုသာလျှင် လက်ခံသည်။ သို့ဖြစ်၍ ကာယကံရှင်နိုင်ငံ ပါဝင်ခြင်းမရှိသည့် ဆွေးနွေးဆုံးဖြတ်ချက်များကို လက်မခံပယ်ချသည်။

အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို လေးစားလိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် ထပ်လောင်းအသိပေးအပ်သည်၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ဗဟိုအချက်အချာကျပြီး အရေးပါအရာရောက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများသာ ဖြစ်စေမည်ဖြစ်ကြောင်း သတိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်**

---

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် (၁ /၂၀၂၂)
၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၆၃၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၂ခုနှစ် မိုးစပါးနှင့် ၂၀၂၃ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

---

## နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ညနေပိုင်းတွင် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ပြုလုပ်ရာ ဆရာဝန်များ၊ သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များမှ ကလေးငယ် ၇၂ ဦးတို့ကို ပေါင်ချိန်ခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၂၂)ကျင်းပ

# တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး ကော်မတီ၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီအစည်းအဝေး (၂/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ CTFMR နှင့် Plan of Action လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်အထိ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၉၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါကြောင်း၊ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော်(ကြည်း)ပါဝင်နေခြင်းအား စာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ စီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး အရွယ်မရောက်သေးမီများယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၂၉ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့နောက် CTFMR နှင့် အသက်မပြည့်ကြောင်း အတည်ပြုပြီးဖြစ်သည့် စစ်သည် ၂၈ ဦးကိုလည်း ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးခဲ့ရာ ယခုအချိန်အထိ ၁၀၅၇ ဦး ရှိပြီဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော လူငယ်များအား စိစစ်ခဲ့ရာ အသက်မပြည့်သံသယဖြစ်ဖွယ် လူငယ် ၄၅ ဦးနှင့် ဆန္ဒမပါသူ ၁၄၀ စုစုပေါင်း ၁၈၅ ဦးကို လက်ခံခြင်းမပြုဘဲ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်စေလွှတ်ခဲ့ပါကြောင်း၊ သံသယစစ်သည် ၇၉ ဦးကို CTFMR နှင့် အမှုတွဲတိုက်ဆိုင်စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် CTFMR မှ ထပ်မံပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၁၂ ဦးကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူလက်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီအနေဖြင့် တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး ကော်မတီ၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

**ကဏ္ဍများအလိုက် အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှေ့လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင်များနှင့် သက်ဆိုင်ရာ ရုံး/ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

## ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံအတွက် လျင်မြန်စွာ အကျိုးရလဒ်ရရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးသည့် အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ လက်ကျန်ငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအမည်ဖြင့် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်က သတင်းထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ကျပ် ၂၃၀ ဘီလီယံ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ကျပ်ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုတို့သို့ ကျပ်ငါးဘီလီယံစီဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ဘီလီယံ ၃၃၀ ကို မတည်ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းကို ပြည်ထောင်စု အစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ သွားရောက်ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအတွက် ဘဏ္ဍာရေးစည်းမျဉ်းကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းနှင့် စပ်လျဉ်း၍ ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖြစ်ကြောင်း၊ ထို့ပြင် မတည်ထောက်ပံ့ငွေမှ ချေးငွေထုတ်ချေးခြင်း မရှိသေးသည့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ ချေးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုး၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၂)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

**မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၂) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ နည်းပြများ၊ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုံးပတ်ကြာ ဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် စာတွေ့လက်တွေ့ သင်ယူလေ့လာခဲ့ကြရသည့်အတွက် မီဒီယာကဏ္ဍ၏ အရေးကြီးပုံ၊ အရေးပါပုံနှင့် နက်နဲမှုတို့ကို သိမြင်နားလည်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ခေတ်တွင် မီဒီယာကဏ္ဍသည် နည်းပညာတိုးတက်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိရာ အထူးအားဖြင့် လူမှုမီဒီယာများတွင် သတင်းစီးဆင်းမှု မြန်ဆန်လျင်မြန်လွန်းသည့် အတွက် ပြည်သူများ သိသင့်သိထိုက်သည့် မိမိတို့ ဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လွှမ်းခြုံ အသိပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သင်တန်းသားကိုယ်စားလှယ် တစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

**တိကျ၊ မှန်ကန်၊ မြန်ဆန်တင်ပြရန်**

ထိုသို့ ပြည်သူ့ထံ အသိပေးတင်ပြရာတွင် တိကျ၊ မှန်ကန်၊ မြန်ဆန်စွာ တင်ပြအသိပေးနိုင်ရန် အရေးကြီးသည့်အပြင် ပုံနှိပ်မီဒီယာကဏ္ဍတွင် တင်ပြအသိပေးမည့် သတင်း၊ သတင်းဓာတ်ပုံ၊ ဆောင်းပါးများသည် အရည်အသွေးကောင်းမွန်ရမည် ဖြစ်ကြောင်း၊ ထို့အတူ အရုပ်/အသံများဖြင့် တင်ပြအသိပေးရာတွင် အရုပ်/အသံ အရည်အသွေး ပြည့်မီရမည်ဖြစ်ကြောင်း၊ ထို့အပြင် မီဒီယာအခန်းကဏ္ဍမှ တစ်ဆင့် ပြည်သူ့အတွက် တင်ပြဆောင်ရွက်ခဲ့မှုများကို မှတ်တမ်းများအဖြစ် စနစ်တကျထားရှိ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

မီဒီယာကဏ္ဍသည် နက်နဲကျယ်ပြန့်ကြောင်း၊ ယခုအချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် မီဒီယာများသည် မီဒီယာကို အသုံးချ၍ သတင်းတု၊ သတင်းအမှားများကို ဖြန့်ဝေကာ စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်မှုများ ရှိနေကြောင်း၊ သတင်းတု၊ သတင်းအမှား များကြောင့် ပြည်သူများ စိတ်နှလုံးညှိုးနွမ်းပြီး လုံခြုံမှု မရှိဟု ခံစားရစေရန် ရည်ရွယ် ဆောင်ရွက်မှုများကို အမှန်တရားဖြင့် အသိဉာဏ် ဖွင့်ပေးနိုင်ရန် လိုအပ်ကြောင်း။

ထိုသို့ သတင်းမှန်များကို ပြည်သူ့ထံ တင်ပြရာတွင် ထိရောက်သည့် သတင်းစာသား၊ သတင်းဓာတ်ပုံနှင့် အရုပ်/အသံများကို တိကျ၊ မှန်ကန်၊ မြန်ဆန်စွာဖြင့် ပေါ်လွင်အောင် တင်ပြသွားကြရမည်ဖြစ်သည့်အတွက် ယနေ့ သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် ဗဟုသုတများ၊ ပညာရပ်များ၊ အတွေ့အကြုံများကို အခြေခံ၍ လက်တွေ့ အသုံးချသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာန တစ်ခုချင်းအလိုက် သင်တန်းသား ကိုယ်စားလှယ်တစ်ဦးစီအား သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ အမှုထမ်း၊ အရာထမ်းများ ၄၆ ဦး တက်ရောက်သည်။

**ဆောင်ရန် ရှောင်ရန်များပို့ချ**

သင်တန်းအမှတ်စဉ် (၂) ကို အောက်တိုဘာ ၂၅ ရက်မှ စတင်ကာ ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကင်မရာ၏ လုပ်ဆောင်ချက် (Function)များ၊ ရိုက်ကူးနည်း အဆင့်ဆင့်၊ သတင်းရိုက်ကူးနည်း၊ မှတ်တမ်းဗီဒီယို ရိုက်ကူးနည်း၊ သတင်းများ တည်းဖြတ်ခြင်း၊ သတင်းရေးသားနည်း အခြေခံ အချက်များ၊ အွန်လိုင်းသတင်း ရေးသားခြင်း အခြေခံနည်းစနစ်များ၊ အွန်လိုင်းသတင်း ရေးသားသူတို့ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအုပ်များ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေး

ရွှေကူ နိုဝင်ဘာ ၁၁

ကချင်ပြည်နယ် ရွှေကူမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း အုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင် ရည်မြင့်မားရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ရွှေကူ) "ပညာ့ဂုဏ်ရည်" ခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ စီမံခန့်ခွဲမှုစွမ်းဆောင် ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး ပွဲဖွင့်ပွဲကို ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့် ထွန်းက အမှာစကားပြောကြား ပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဆွေက သင်ကြား သင်ယူမှု တိုးတက်ကောင်းမွန် လာစေရန်၊ အခြေခံပညာ ဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ စစ်ဆေးလုပ်ငန်းများ ထိရောက် စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ် ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တွင် မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းပေါင်း ၁၀၀ မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် တာဝန်ခံ ကျောင်းအုပ် ၁၀၀ တို့အား မြို့နယ် ပညာရေးမှူး ဦးအောင်ဆွေက နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၌ ဆွေးနွေးပို့ချပေး ကြောင်း သိရသည်။

ခင်ပပသိန်း(ပြန်/ဆက်)



## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများကို ဒေသအလိုက် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျောင်းရွာအုပ်စု ကျောင်းရွာကျေးရွာရှိ သဒ္ဓမ္မသုခကာရီကျောင်းတိုက်မှ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

●*ကျောဖုံးမှ*

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက Young Lionesses အသင်းကို ခုနစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၂၄ မိနစ်တွင် လင်းမြင့်မိုရ်၊ ၄၅+၂၊ ၇၀ မိနစ်တွင် ရွှေရည်ထွန်း၊ ၅၈၊ ၆၈၊ ၇၄ မိနစ်တွင် ခင်မာလာထွန်း၊ ၆၁ မိနစ်တွင် နန်းမေသဇင်တို့က သွင်းယူပြီး Young Lionesses အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၈ မိနစ်တွင် ရွှေပုံချစ်က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရှစ်ပွဲ ကစား ရမှတ် ၂၂ မှတ်၊ Young Lionesses အသင်းက ကိုးပွဲကစား ရမှတ် ခြောက်မှတ် ရရှိထားသည်။

ဗဟန်းမြက်ခင်းတိုက်ကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန် အသင်းက YREO အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန် အသင်းသည် ပထမဆုံးအကြိမ် ချန်ပီယံဆုရယူနိုင်ရန်အတွက် ကြိုးပမ်း လျက်ရှိပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းတွင် ဆက်လက် ဦးဆောင်လျက်ရှိသည်။

အိန္ဒိယကလပ်တွင် ကစားခဲ့သည့် မြန်မာ့လက်ရွေးစင် တိုက်စစ် မှူး ဝင်းသိင်္ဂီထွန်းအပါအဝင် လက်ရွေးစင်ကစားသမားများစု ပါဝင်သည့် သစ္စာအားမာန်အသင်းသည် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ် (၁၀) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၁၂ ရက် (ယနေ့)တွင် ဗဟန်း မြက်ခင်းတိုက်ကွင်း၌ တနင်္သာရီအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

# (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံအာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

**အဖွင့်အမှာစကားပြောကြား**

ပြည်ထောင်စု ဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။

အစည်းအဝေးတွင်၂၀၂၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေး ဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှု၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ စတုတ္ထစက်မှုအသွင် ကူးပြောင်းရေးမူဘောင်၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအစီအစဉ်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် အစီအစဉ်အကောင်အထည်ဖော်မှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ကာလလယ် သုံးသပ်ချက်တွင် ပါဝင်သည့် အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မှုနှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရာတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် ထည့်သွင်းမည့် အချက်အလက်များအပေါ် ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီမှ အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တင်ပြမည့် အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ်အတွင်း အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီအနေဖြင့်အတည်ပြုရန်၊ မှတ်တမ်းတင်ရန်ရှိသည့် Document များအပေါ် အတည်ပြုကြပြီး အာဆီယံဥက္ကဋ္ဌကြေညာ စာတမ်းတွင် ထည့်သွင်းမည့် အာဆီယံ စီးပွားရေးမဏ္ဍိုင်ဆိုင်ရာ အချက်အလက်များအပေါ် မှတ်တမ်းတင်ကြသည်။

**ပါဝင်ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအနက် အကောင်အထည်ဖော်နေဆဲ လုပ်ငန်းများကို ရည်မှန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်အတွက် လေ့လာမှုဆောင်ရွက်ရာတွင် အာဆီယံ၏ လက်ရှိဆောင်ရွက်ဆဲ ဒစ်ဂျစ်တယ်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရေးနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကိုပါ ထည့်သွင်းလေ့လာရေး ကိစ္စများကို ပါဝင်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ- ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်မှုအတွက် ‌စေ့စပ်ညှိနှိုင်းမှု အပြီးသတ်ကြောင်း ကြေညာနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှု မပြီးပြတ်သေးသည့် ကိစ္စရပ်များကို ညှိနှိုင်းကြသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် အာဆီယံ-ယူကေ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပသည်။

**တိုးတက်မှုများ မှတ်တမ်းတင်**

အစည်းအဝေးတွင် ဝန်ကြီးများက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အာဆီယံ- ယူကေ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (၂၀၂၁- ၂၀၂၂) ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် မှတ်တမ်းတင်ကြသည်။

ထို့နောက် အာဆီယံနှင့် ယူကေတို့အကြား အနာဂတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ကို အတည်ပြုကြသည်။

အဆိုပါ အစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ ဝန်ကြီးများ၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အတူ ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးများ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ကို ပြင်ဆင်သည့်အခြေပြစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည်။

**ပါဝင်တက်ရောက်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အာဆီယံ စီးပွားရေးအကြံပေးကောင်စီ ၂၀၂၂ ခုနှစ် အလှည့်ကျဥက္ကဋ္ဌက ဦးဆောင်ကျင်းပသည့် Gala Dinner နှင့် စီးပွားရေးဆုများချီးမြှင့်သည့်အစီအစဉ်တွင် ပါဝင်တက်ရောက်သည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံမှမထွက်ခွာမီ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ရာသီဥတုပြောင်းလဲမှုကြောင့် vulnerable group ဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (APF) တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော “APF Virtual Dialogue on Climate Change and Human Rights: Role of National Human Rights Institutions” ဆွေးနွေးပွဲကို ယနေ့ ၁၁ နာရီခွဲတွင် zoom platform အသုံးပြု၍ ကျင်းပသည်။




ဆွေးနွေးပွဲသို့ APF အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ တင်မောင်မောင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် APF အတွင်းရေးမှူးချုပ်ရုံး Principal Advisor, Ms. Pip Dargan က ဆွေးနွေးပွဲ moderator အဖြစ် ဆောင်ရွက်ပြီး အဖွင့်နှုတ်ခွန်းဆက် စကား ပြောကြားသည်။

ဆက်လက်၍ panel session ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် နိုင်ငံ၏ ဆောင်ရွက်မှု၊ ကော်မရှင်၏ Climate Changeနှင့် စပ်လျဉ်းသော ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် vulnerable group ဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Renante Basas ၊ မော်လ်ဒစ်(ဗ်) လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ Ms. Mariyam Muna ၊ အိန္ဒိယနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ Mr. Justice Arun Mishra နှင့် APF မှ အကြံပေးပုဂ္ဂိုလ် Mr. Romulo Nayacalevu တို့က နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်နေမှုများ၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ မူဝါဒချမှတ်ရေး ကိစ္စရပ်များ၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ IGM Project ဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေနှင့် အခွင့်အလမ်းများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် panelist များ၏ ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခုံသမာဓိကောင်စီအဖွဲ့ဝင်များအနေဖြင့် သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ပေးရန်လို

မန္တလေး နိုဝင်ဘာ ၁၁





အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်သည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ အဖွဲ့ဝင်များအနေဖြင့် အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေခြင်း၊ ကြားနာစစ်ဆေးဆုံးဖြတ်ခြင်းတို့တွင် အငြင်းပွားသူနှစ်ဖက်အကြား Win Win Situation ဖြစ်စေမည့် ရလဒ်ရရှိအောင် ဖျန်ဖြေပေးရန်နှင့် အလုပ်ရှင်၊ အလုပ်သမားများအကြား နှစ်ဖက်သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ပေးရန်လိုကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၌ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားများ လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်ခြင်း၊ လုပ်ငန်းအကျိုးအမြတ်များ ရရှိခြင်းမှတစ်ဆင့် နှစ်ဦးနှစ်ဖက်စလုံး အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ယင်းဥပဒေအရ Tripartite အဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးလာကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို အလေးပေး ဖော်ဆောင်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်းသည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းအလုပ်အကိုင် ရရှိခြင်းကြောင့် ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနှီးနှောဖလှယ်ပွဲတွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်ရသည့် ကိစ္စရပ်များကိုလည်းကောင်း၊ ခုံသမာဓိ ကောင်စီဝင်တစ်ဦးက အလုပ်သမားရေးရာ အငြင်းပွားမှုများ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ဦးစီးဌာနအလိုက် စည်းကြပ်သည့် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ အုပ်စုလိုက် ဆွေးနွေးခြင်းများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို အလုပ်ရှင်နှင့် အလုပ်သမားအကြား ဖြစ်ပွားသော အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ရေး နည်းလမ်းကောင်းနှင့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းနှင့် နှီးနှောဖလှယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည် ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ သီရိလင်္ကာကမ်းရိုးတန်းအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာအရှေ့မြောက်ပိုင်းတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူး- ပူဒူချယ်ရီကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၀ | ၂၉၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၂၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၉ | ၂၀၃၁ |
| 95 Ron | ၂၀၇၀ | ၂၁၄၅ |
| HSD (500 ppm) | ၂၅၀၁ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၇၂ | ၂၆၅၃ |
| HSD (10 ppm) | ၂၅၇၂ | ၂၆၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အီဂျစ်နိုင်ငံတွင်ကျင်းပနေသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ညီလာခံ သမ္မတဂျိုးဘိုင်ဒင် မိန့်ခွန်းပြောကြားမည်

ဝါရှင်တန် နိုဝင်ဘာ ၁၁

ယခု အီဂျစ်နိုင်ငံတွင်ကျင်းပနေသည့် စီအိုပီ ၂၇ ခေါ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ညီလာခံတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပါဝင်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် မိန့်ခွန်းပြောကြားမည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာဗွန်လျှော့ချရေးအတွက် ဘဏ္ဍာရေးထောက်ပံ့မှုမူဘောင်သစ်အတွက် အလေးထားပြောကြားသွားမည်ဟု ခန့်မှန်းထားသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သမ္မတအဖြစ်တာဝန်ထမ်းဆောင်အချိန်မှစတင်ကာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် ၎င်း၏ဦးစားပေးအစီအစဉ်တစ်ခုပင်ဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လက်ထက်တွင် ပါရီ ရာသီဥတုညီလာခံသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ အမေရိကန်သမ္မတကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် စီအိုပီ ၂၇ ၌ သမ္မတဂျိုးဘိုင်ဒင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များမှာ ပြည်နယ်အချို့တွင် မသဲကွဲသေးပေ။ ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရန်အတွက် ပြီးခဲ့သည့်ဩဂုတ်လအတွင်း ၎င်းလက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်ဒေါ်လာ ၄၃၀ ဘီလီယံ တန်ဖိုးရှိ ဥပဒေကြမ်းကို အာရုံစိုက်ကြရန် ဆွဲခေါ်သွားမည်ဟုလည်း မျှော်မှန်းရသည်။

အင်န်အိတ်ချ်ကေ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

# လာမည့်သီတင်းပတ်တွင် ဂျီ - ၂၀ နှင့် အေပက်ထိပ်သီးအစည်းအဝေးများသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည် ဟုဆို

ပေကျင်း နိုဝင်ဘာ ၁၁

တရုတ်သမ္မတရှီကျင့်ဖျင်သည် လာမည့်သီတင်းပတ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ပြီး ဂျီ-၂၀ နှင့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တရုတ်သမ္မတရှီသည် လာမည့် တနင်္လာနေ့မှ စနေနေ့အထိ ဘာလီနှင့် ဘန်ကောက်မြို့များသို့ သွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။ ထိုသို့သွားရောက်စဉ် သမ္မတရှီသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်လည်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဘိုင်ဒင်သမ္မတဖြစ်လာသည့်အချိန်မှစတင်ကာ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ တရုတ် (တိုင်ပေ)၊ ယူကရိန်းနိုင်ငံတို့နှင့် ပတ်သက်ပြီး ဆွေးနွေးသွားဖွယ်ရှိကြောင်း ၎င်းတို့အနေဖြင့် ခန့်မှန်းထားသည်။ ပြီးခဲ့သည့်လက တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်အဖြစ် မကြုံဖူးသည့် တတိယသက်တမ်းတစ်ခု စတင်သည့်အချိန်မှစတင်ကာ သမ္မတရှီ၏ ပထမဆုံးပြည်ပ ခရီးစဉ်ဖြစ်မည်ဟု သိရသည်။


တရုတ်သမ္မတရှီကျင့်ဖျင်။

အင်န်အိတ်ချ်ကေ

# အမေဇုန်ကုမ္ပဏီထုတ် စက်ရုပ်လက် ကုန်ပစ္စည်း၏ ပုံပန်းသဏ္ဌာန်ကို လျင်မြန်စွာခွဲခြားနိုင်

ဘော်စတွန် နိုဝင်ဘာ ၁၁

ကုန်ပစ္စည်း၏အရောင်နှင့်ပုံပန်းသဏ္ဌာန်ကို လျင်မြန်စွာခွဲခြားနိုင်သည့် စက်ရုပ်လက်ကို အမေဇုန်ကုမ္ပဏီမှ ပြသခဲ့သည်။ အမေရိကန် အိုင်တီကုမ္ပဏီကြီးဖြစ်သည့် အမေဇုန်သည် ဘော်စတွန်မြို့အနီး ၎င်းတို့၏ ထုတ်လုပ်ရေးစက်ရုံတွင် Sparrow ဟု အမည်ပေးထားသည့် အဆိုပါ စက်ရုပ်လက်ကို မီဒီယာများနှင့် မိတ်ဆက်ပေးခဲ့သည်။ စက်ရုပ်လက်မောင်းနားတွင် ကင်မရာများစွာ တပ်ဆင်ထားပြီး အသိဉာဏ်တု နည်းပညာကို အသုံးပြုထားသည်။ ကုန်ပစ္စည်းပေါင်းသန်းနှင့်ချီ၍ အမျိုးအစားခွဲခြားနိုင်ရန် နည်းပညာအရ အကူအညီပေးထားသည်။

စက်ရုပ် လက်မောင်းတွင် ပုံပြောင်းနိုင်သော အပိုင်းပါဝင်သည့်အတွက် အချို့သောပစ္စည်းများကို ကောက်ယူနိုင်သည်။ အမေဇုန်ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ ထောက်ပံ့ရေးစက်ရုံများတွင် စက်ရုပ်များ သန်းတစ်ဝက်နီးပါးကို အသုံးပြုလုပ်ကိုင်နေသည်။ ကုမ္ပဏီရှိပစ္စည်းကိုရိယာအသစ်မှာလည်း လေးလံသည့်ပစ္စည်းများကို အတင်အချပြုလုပ်နိုင်သည်။ ထို့ပြင် ဇွန်လအတွင်းကလည်း ကုန်လှောင်ရုံအလုပ်သမားများနှင့်အတူ အလုပ်လုပ်ကိုင်နိုင်သည့် စက်ရုံကိုလည်း မိတ်ဆက်ခဲ့သည်။ အမေဇုန်ကုမ္ပဏီသည် လူအစားထိုးစက်များ ဆက်လက်အသုံးပြုသွားနိုင်ရေးကိုလည်း မျှော်မှန်းထားသည်။

အင်န်အိတ်ချ်ကေ

# လက်ဘနွန်နိုင်ငံ၌ ကာလဝမ်းရောဂါ ကူးစက်ခံရသူပေါင်း ၄၉၀ ရှိ

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကာလဝမ်းရောဂါကာကွယ်ဆေး ခြောက်သိန်း ထောက်ပံ့

ဘေရွတ် နိုဝင်ဘာ ၁၁

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုင်စီဂျီ)က စီစဉ်သည့် ကမ္ဘာလုံးဆိုင်ရာ ကာလဝမ်းရောဂါ ကာကွယ်ဆေးများ ပံ့ပိုးပေးမှုကို လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ကာလဝမ်းရောဂါကာကွယ်ဆေးအလုံးရေ ခြောက်သိန်း လက်ခံရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကာကွယ်ဆေးများကိုကျန်းမာရေးဝန်ကြီးဌာန၏ ဗဟိုဆေးဝါးဂိုဒေါင်သို့ ပို့ဆောင်ပေးပြီး နိုဝင်ဘာ ၁၂ ရက်တွင် ကာကွယ်ဆေးထိုးနှံမှုကို စတင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အဆိုပါ ကာကွယ်ဆေးကို ဒုက္ခသည်များနှင့် အသက် တစ်နှစ်နှင့်အထက် အသက်အရွယ်အုပ်စုများကို ထိုးနှံရန် ရည်မှန်းထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကာကွယ်ဆေးများ နိုင်ငံတွင်းအချိန်မီ ရောက်ရှိခြင်းအတွက် လက်ဘနွန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအေဂျင်စီများနှင့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ၏စုပေါင်းအားထုတ်မှုကို ကျေးဇူးတင်ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ အက်ဒီနာဆာ အဘူဘာခါ က ပြောကြားသည်။

လက်ဘနွန်နိုင်ငံ၌ နိုဝင်ဘာ ၉ ရက်အထိ ကာလဝမ်းရောဂါ ကူးစက်ခံရသူပေါင်း ၄၉၀ ရှိပြီး အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၈ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၅၅၁၉ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၁၁

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်ပါက နိုဝင်ဘာ ၁၀ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၅၅၅၁၉ ဦး တွေ့ရှိသဖြင့် အဆိုပါ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၆၀၉၁၅၃၅ ဦးရှိပြီဖြစ်ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ယမန်နေ့က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၅၃၆၅ ဦးရှိရာမှ နေ့စဉ်ကူးစက်မှုနှုန်း လျော့နည်းလာကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ(အေဒီစီအေ)က ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူ အသစ်များအနက် ပြည်ပပြန်ကူးစက်ခံရသူ ၄၉ ဦးရှိရာ ပြည်ပပြန်ကူးစက်မှုစုစုပေါင်း ၇၀၃၂၀ ရှိကြောင်း သိရသည်။ ရောဂါကူးစက်ခံရသူများအနက် ရောဂါပြင်းထန်သောအခြေအနေတွင်ရှိသူ ၃၄၅ ဦးရှိရာ ယမန်နေ့ကထက် ၂၂ ဦးတိုးလာကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၀ ရှိသဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၉၅၇၃ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# တွန်ဂါကျွန်းနိုင်ငံ၌ ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်

ပေကျင်း နိုဝင်ဘာ ၁၁

တွန်ဂါကျွန်းနိုင်ငံ၌ နိုဝင်ဘာ ၁၁ ရက် ပေကျင်း စံတော်ချိန် ညနေ ၆ နာရီ ၄၈ မိနစ်က ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း တရုတ်ငလျင်ကွန်ရက်စင်တာက ထုတ်ပြန်ထားသည်။ ငလျင်၏ ဗဟိုချက်သည် အနက် ၄၀ ကီလိုမီတာရှိပြီး တောင်လတ္တီကျူ ၁၉ ဒသမ ၂၅ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၁၇၂ ဒသမ ၀၅ ဒီဂရီ ရှိကြောင်း သိရသည်။

ဆင်ဟွာ

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ အရာရှိစစ်သည်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။ (ယာပုံ)

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူ များက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။



ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်းကျေးရွာအုပ်စုတို့မှ နေရပ်ပြန်ကြမည့် တိုက်ပွဲရှောင်အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်၊ နေရပ်ဒေသများသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် အမ်းမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းအသီးသီးတွင် ခေတ္တခိုလှုံ နေထိုင်လျက်ရှိသော အမ်းမြို့နယ်အတွင်း ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်းကျေးရွာအုပ်စုများ အတွင်းရှိ ကျေးရွာ ၂၅ ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် ဒေသခံပြည်သူ အိမ်ထောင်စုဝင်များကို ဆဋ္ဌမအကြိမ်မြောက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၁၀ ရက်တွင် အမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာယီတိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းမှူးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းစီဖြင့် အိမ်ထောင်စု ၂၂၉ စုအတွက် ထောက်ပံ့ငွေကျပ် ၁၁၄၅ သိန်းကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် နေရပ်ပြန် ပြောင်းရွှေ့စရိတ် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ၂၂၉ သိန်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ထောက်ပံ့သည့် လူတစ်ဦးလျှင် ရိက္ခာဆန် တစ်ရက်အတွက် နှစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၂၂၉ စုရှိ လူဦးရေ ၁၀၃၂ ဦးအတွက် တစ်လစာ ရိက္ခာဆန်ဖိုးငွေကျပ် ၉၂၈၈၀၀၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနဦးစီးအရာရှိ ဒေါ်မေထားဇော်က အိမ်ထောင်စု တစ်စုလျှင် တစ်ပုံးနှုန်းဖြင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး ပါဝင်သော Family Kit ပုံး ၂၂၉ လုံးကိုလည်းကောင်း ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ ကိုယ်စားလှယ်များထံ အသီးသီးထောက်ပံ့ပေးအပ်ကြသည်။(အောက်ဝဲပုံ)

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များက ၎င်းတို့၏ နေရပ်ဒေသသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ အမ်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက အိမ်ထောင်စုဝင်များ၏ အိမ်သုံးပစ္စည်းများကို မော်တော်ယာဉ်များပေါ်သို့ ကူညီသယ်ယူရွှေ့ပြောင်းပို့ဆောင်ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး နေရပ်ပြန်တိုက်ပွဲရှောင်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီက အလှူငွေကျပ် ၁၀ သိန်း၊ ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)မိသားစုက ငွေကျပ်ငါးသိန်း၊ မှော်ဘီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း)၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ)၊ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဦးမောင်လှိုင် (မောင်ဆွေငယ်)၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် စာရေးဆရာအသင်း၊ တပ်ကုန်းမြို့နယ် စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာ အသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ မြစ်သားမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၅၃၀၀၀၊ ဒေါ်ဆွေဆွေ (ရွှေဒေါင်းယဉ်ရွှေဆိုင်) တောင်ဥက္ကလာပမြို့နယ်၊ မြိတ်မြို့နယ် စာရေးဆရာအသင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ ထားဝယ်မြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)၊ ဆရာစိုးမြင့် (စက်မှုတက္ကသိုလ်)၊ နွေကုံ့ကော် (မြို့လှ) - ပင်မြင့်စံ (ရွှေဘို)မိသားစု၊ ဦးမြဟန်(မြဟန်)၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီး (ကိုပေါက်-ကမာရွတ်)၊ စာရေးဆရာမ တွယ်တာလှိုင်၊ ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းနှင့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ တနင်္သာရီမြို့နယ်စာရေး ဆရာအသင်းက ငွေကျပ်တစ်သောင်း၊ ဆရာ ဦးစိုးနိုင်(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ပြက္ခဒိန်များနှင့် စာရေးဆရာမ တွယ်တာလှိုင်က ငွေကျပ် ၁၀၅၀၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင် နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာ အသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ရက် ၂၀ ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

(၁၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၆) ခုအား စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၁၄,၉၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၅၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၈၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၀ ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် နိုဝင်ဘာ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၀၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၀၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၈၅ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၂၇၂ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- သွေးကြောထုံးခြင်းကို သက်သာစေခြင်း။
- အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- အသက်ကြီးလျှင် ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

# အမျိုးသားနေ့မှသည် အစဉ်နိုးကြားသော အမျိုးသားရေးစိတ်ဓာတ်ထက်သန်ရေး

နုခန့်ယဉ်(ရစ်ကန်ကြီး)

**မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသူများဖြစ်သည်။ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးကြသည်။ မိမိလူမျိုးအား တိုင်းတစ်ပါးမှ ချိုးနှိမ်သည်ကို မနှစ်သက်သကဲ့သို့ မိမိတိုင်းပြည်ကို တိုင်းတစ်ပါးမှ မတရားစိုးမိုးခြယ်လှယ်သည်ကိုလည်း မနှစ်သက်ကြချေ။ မြန်မာလူမျိုးတို့သည် သူတစ်ပါးလူမျိုးအပေါ်လည်း မနှိမ်ချသကဲ့သို့ သူတစ်ပါးတိုင်းပြည်ကို ရန်စကျူးကျော်ခြင်း မပြုတတ်ကြပေ။ "ဝံသာနုရက္ခိတတရား"ကို ရှေ့တန်းတင်ထားကြသည့်လူမျိုးများ ဖြစ်ကြသည်။**

"ဝံသာနုရက္ခိတ"ဆိုသည်မှာ အမျိုးကိုချစ်သည်၊ ဘာသာကိုချစ်သည်၊ တိုင်းပြည်ကိုချစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးသော မျိုးချစ်စိတ် အပြည့်အဝရှိသည့် လူမျိုးများပင်ဖြစ်သည်။

### အတိတ်သမိုင်းနှင့် မျိုးချစ်စိတ်

၁၈၂၄ ခုနှစ် ကုန်းဘောင်ခေတ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီးနောက် ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီနယ်များကို ဗြိတိသျှ ကိုလိုနီနယ်ချဲ့တို့အား ပေးအပ်ခဲ့ရသည်။ ၁၈၈၅ တွင် မြန်မာတို့ ထီးနန်းပျောက်သလို မင်းဆက်လည်းပျောက်ခဲ့သည်။ သူ့ကျွန်မခံလိုသော မြန်မာ့စိတ်ရင်းအမှန်သည်ကား နိုးကြားလာခဲ့သည်။ "မခ သူ့အောက်၊ မမြှောက် သူ့လက်၊ ကျွန်ဆုကိုလည်း မမက်"သော မြန်မာတိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်လျက် လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ကြသည်။

မျိုးချစ်စိတ်ဟူသည်ကား "တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်" ဖြစ်သည်။ မြန်မာတို့သည် မြန်မာလူမျိုးကို ချစ်သည်၊ မြန်မာပြည်ကို ချစ်သည်၊ မြန်မာ့တိုင်းရင်းသား ပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုကြီးကို ချစ်သည်။ ထို့ကြောင့် သူတစ်ပါးလက်အောက်တွင် ကျရောက်နေသော မြန်မာပြည်ကြီးကို နည်းမျိုးစုံဖြင့် ကာကွယ်ကယ်တင်ခဲ့ကြသည်။ မျိုးချစ်စိတ်ကို အရင်းခံ၍ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ၁၈၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပို၍ပြင်းထန်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေး" တို့ကို အင်္ဂလိပ်အစိုးရထံတောင်းဆိုသော "ဗုဒ္ဓကလျာဏယုဝအသင်း" ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် "ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး" ဟူသော မျိုးချစ်စိတ်ထက်သန်သည့် အဖွဲ့အစည်းများသည် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

### အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ

အမျိုးသားနေ့ဟူသည်ကား ဗြိတိသျှမင်းကြီး မတ်ဟန်းတား၏ University အက်ဥပဒေအရ ဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ်ကို ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆန် (ယုဒသန်)ကောလိပ်ကျောင်းသားများက ကန့်ကွက်သပိတ်မှောက် ဆန္ဒပြခဲ့သောနေ့ကြီး ဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှအစိုးရသည် ၎င်းတို့နယ်ကို ချဲ့ထွင်ရာ၌ အကောင်းဆုံးလက်နက်အဖြစ် ပညာရေးစနစ်ကို အသုံးချခဲ့သည်။ တက္ကသိုလ်အက်ဥပဒေကြမ်းကြီးကို ၁၉၂၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်တွင် ဘုရင်ခံ၏ ကောင်စီအစည်းအဝေး၌ တင်သွင်းအဆိုပြုခဲ့ရာ တစ်ပြည်လုံး လှုပ်လှုပ်ရွရွ ဖြစ်ခဲ့ကြသည်။

ထို့နောက် ဇူလိုင် ၁၈ ရက်တွင် မြန်မာနိုင်ငံပြုပြင်ရေးအသင်းကြီးသည် အစည်းအဝေးကို ချက်ချင်းခေါ်ယူလျက် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ မန္တလေးမြို့တွင်လည်း လူထုအစည်းအဝေးကြီးက နယ်ချဲ့အစိုးရမတ်ဟန်းတား၏ ခေတ်နောက်ပြန်ဆွဲသော လုပ်ဆောင်ချက်များနှင့် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ရာထူးမှ ဖယ်ရှားပေးရန် တောင်းဆိုဆန္ဒပြကြသည်။



ဗဟန်း ရွှေကျင်ကျောင်းတိုက်၌ ပထမဆုံးဖွင့်ခဲ့သည့် အမျိုးသားကောလိပ်မှ ကျောင်းဆရာများနှင့် ကျောင်းသားများ။

ဩဂုတ် ၁ ရက်တွင် YMBA ခေါ် ဗုဒ္ဓကလျာဏယုဝအသင်းကြီးက ကြီးမှူး၍ ဂျူဗလီဟောတွင် ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးကြီးကို ကျင်းပလျက် (၁) ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အများပြည်သူမကြိုက်ကြသောကြောင့် ၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင်ကျင်းပမည့် ဥပဒေပြုအဖွဲ့အစည်းအဝေးက ဒိုင်အာခီအုပ်ချုပ်ရေးစနစ်စတင်မည့် ၁၉၂၃ ခုနှစ်အထိ ဆိုင်းငံ့ထားရန်။ (၂)နောင်အခါ ပညာတတ်များ နည်းပါးစေရန် ရည်ရွယ်၍ ဥပဒေကို ထုတ်ပြန်ခဲ့သော ဗြိတိသျှမင်းကြီး မတ်ဟန်းတားအား မြန်မာနိုင်ငံမှ ပြောင်းရွှေ့ပေးရန် တောင်းဆိုခဲ့ကြသည်။

ထိုသို့ အမျိုးမျိုးကန့်ကွက်နေသည့်ကြားမှပင် ၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံ၏ ဗြိတိသျှ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက် ဒေါက်က ရန်ကုန်အက်ဥပဒေကို ထောက်ခံခဲ့သည်။ တစ်ဖန် အိန္ဒိယဘုရင်ခံ ချမ်းစဖို့ဒ်က ရန်ကုန် တက္ကသိုလ်အက်ဥပဒေကို အတည်ပြုရန် ထုတ်ပြန် ကြေညာခဲ့ပြန်သည်။ ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် မြန်မာပြည်သူပြည်သားများ အတွက်ပညာတတ်နည်းပါးရန် အကန့်အသတ်ဖြင့်သာ တက်ရောက်ခွင့်ရသော ဥပဒေဖြစ်သည်။

ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်ကောလိပ်ကျောင်းသားများ ဖြစ်ကြသည့် ကိုဘခင်၊ ကိုဘိုးကွန်း၊ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဖေသိန်း၊ ကိုဘရှင်(သံတွဲ)၊ ကျော်ညီပိတ်၊ ကိုဘရှင်(ထားဝယ်)၊ ကိုလှတင်နှင့် ကိုမောင်အေးတို့သည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်တွင် စုဝေးပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန် ပြုခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် တက္ကသိုလ်ကျောင်းသားကြီးများ ဦးဆောင်သော ပထမကျောင်းသားသပိတ် စတင်ခဲ့ရာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တစ်ဟုန်ထိုး ပျံ့နှံ့သွားခဲ့လေတော့သည်။ ဒီဇင်ဘာ ၂၆ ရက်တွင် ဂျီစီဘီအေခေါ် ဝံသာနုအသင်းချုပ်ကြီးက အစည်းအဝေးတစ်ရပ် ပြုလုပ်လျက်

(၁)မြန်မာနိုင်ငံအရပ်ရပ် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရန်။ (၂) ရန်ကုန်မြို့၌ အမျိုးသား တက္ကသိုလ်ကျောင်းကြီးတစ်ကျောင်း တည်ထောင်ဖွင့်လှစ်ရန်။ (၃)အသင်းချုပ်ကြီးနှင့် ဆက်သွယ်ထားသော အသင်းခွဲများမှတည်ထောင်ထားသည့် ကျောင်းများကိုလည်း အမျိုးသားကျောင်းများအဖြစ် ပြောင်းလဲရန်။ (၄) အမျိုးသားကျောင်းများကို စုပေါင်းအုပ်ချုပ်ရန် လိုအပ်သောစီစဉ်ညွှန်ကြားချက်များကို ပြုလုပ်နိုင်ရေးအတွက် အမျိုးသားပညာရေးတစ်ခု ဖွဲ့စည်းထားရှိရန်တို့ကို ဆုံးဖြတ်ချက်ချ၍ ဦးမောင်ကြီး(M.A)က ဥက္ကဋ္ဌအဖြစ်ပါဝင်၍ အမှုဆောင်အဖွဲ့ဝင် ၃၂ ဦးတို့ဖြင့် ဖွဲ့စည်းလိုက်သည်။ ဤသို့ဖြင့် ၁၉၂၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက် ဦးအရိယကျောင်း၌ အမျိုးသားကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ရာ များမကြာမီ နယ်မြို့ကြီးများတွင် အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အမျိုးသားနေ့ကို သတ်မှတ်ရာတွင် နယ်ချဲ့ဗြိတိသျှတို့အား ပထမဆုံး ထိထိရောက်ရောက် သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြု၍ သဘောတူသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။



**သပိတ်မှောက်ရန် စတင်ခဲ့သည့် ကျောင်းသားကြီး ၁၁ ဦး၏အမည်ကို ရေးထိုးထားသော ရွှေတိဂုံစေတီတော် စနေထောင့်မှ ကမ္ပည်းကျောက်တိုင်။**
ဓာတ်ပုံ - တင်စိုး

### မြန်မာ့ဇာတိမာန်

"ဇာတိမာန်" ဟူသည်မှာ အမျိုးအနွယ်ကိုစွဲ၍ ဖြစ်သော မာန်မာနဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ မိမိ၏တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးခြင်း၊ မိမိ၏ တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်ယူခြင်း၊ မိမိတိုင်းပြည်နှင့် အမျိုးအတွက် အသက်စွန့်ကာကွယ်ခြင်းဟူသော စိတ်ဓာတ်များသည် မြန်မာပြည်သူပြည်သားများ၏ "ဇာတိမာန်စိတ်" ပင်ဖြစ်သည်။ မြန်မာ့ဇာတိမာန်သည်ကား အဘယ်သောအခါမျှ ပျက်သုဉ်းမည်မဟုတ်။ ဇာတိမာန်စာဆို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ တေးသံများသည် ယနေ့ထိတိုင် လွင့်ပျံ့နေဆဲဖြစ်သည်။

"ဒါတို့တိုင်းတို့ပြည်၊ တို့မြန်မာပြည်၊ မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ၊ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်း တင့်ဆန်းပေ၊ အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရှေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သူဘိုးဘွားဘီဘင် တို့အမွေ တို့ပြည်တို့မြေ" ဆိုသည့်အတိုင်း ဘိုးဘွားတို့၏ ဇာတိမာန် ထွန်းတောက်ခဲ့ကြရသည်။ ဘိုးဘေးဘီဘင်တို့၏ အသက်သွေးချွေးပေးဆပ်ခဲ့သည့် အမွေသည် မာန်တဝင့်ဝင့်နှင့် ဂုဏ်ရောင်တင့်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

"ရိုးရာအခြေ မညှိုးပါသလေ၊ မျိုးသာကီနွယ် ဆင်းသက်ပေ၊ ဒါတို့ရွှေထီး ဒါတို့မြေကြီး၊ ပြည်ကြီးခရိုင် ကိုယ်ပိုင်မြန်မာပြည်၊ တက်လူတွေ တက်လူတွေ လုံ့လဝီရိယရှိကြစေ၊ အမျိုးဂုဏ်တက်အောင် ရှက်ဆောင်မလေ၊ တို့တာဝန်အမှန်ပေ" ဆိုသည့်အတိုင်း နောင်လာနောက်သားများ၏ ရင်ထဲတွင် ဇာတိမာန်စိတ်ဓာတ်များကိန်းအောင်းရန် လိုအပ်ပါသည်။ ကိုယ်ပိုင်သည့် *စာမျက်နှာ ၁၈ သို့*

**✳ "ရိုးရာအခြေ မညှိုးပါသလေ၊ မျိုးသာကီနွယ် ဆင်းသက်ပေ၊ ဒါတို့ရွှေထီး ဒါတို့မြေကြီး၊ ပြည်ကြီးခရိုင် ကိုယ်ပိုင်မြန်မာပြည်၊ တက်လူတွေ တက်လူတွေ လုံ့လဝီရိယရှိကြစေ၊ အမျိုးဂုဏ်တက်အောင် ရှက်ဆောင်မလေ၊ တို့တာဝန် အမှန်ပေ" ဆိုသည့်အတိုင်း နောင်လာနောက်သားများ၏ ရင်ထဲတွင် ဇာတိမာန် စိတ်ဓာတ်များ ကိန်းအောင်းရန် လိုအပ်ပါသည်။ ကိုယ်ပိုင်သည့် မြန်မာပြည်ကို အခြားအဖျက်အမှောင့်များ နှောင့်ယှက်ခဲ့လျှင်လည်း ထိန်းသိမ်းကာကွယ်ကြရမည်မှာ မြန်မာပြည်သူပြည်သားများ၏ တာဝန်ပင်ဖြစ်သည်။ အမိမြေကိုချစ်သည့်၊ မိမိလူမျိုးကိုချစ်သည့်၊ အမျိုးစစ်၍ အမျိုးချစ်သည့် မြန်မာပြည်သူပြည်သားတိုင်းတွင် ဇာတိမာန်စိတ်ဓာတ်များ အစဉ်နိုးကြားကြရပေမည်**

# ကျန်းမာရေးအသိနှင့် အသက်ရှည်ရာ အနာမဲ့ကြောင်း

မျိုးငြိမ်းငယ်



အခုဆိုရင် ဆောင်းရာသီဝင်နေပါပြီ။ ပူပြင်းတဲ့ဒေသမှာတောင် ဆောင်းရာသီရဲ့ အေးမြတဲ့အရသာကို ခံစားနေရပြီ။ အညာမှာဆို ဆောင်းရောက်ပြီဆိုတာနဲ့ ရာသီစာလေးတွေစားကြ၊ နံနက်စောစောထ လမ်းလျှောက်ကြ၊ မီးလှုံကြနဲ့ တခုတ်တရ လုပ်ဖြစ်ခဲ့တယ်။

ငယ်ငယ်တုန်းက မှုန်ဝါးဝါးနှင်းမှုန်တွေထဲ လမ်းလျှောက်ရတာက ကျန်းမာရေးဆိုလည်းဟုတ်ရဲ့၊ ပျော်စရာတစ်ခုဆိုလည်းဟုတ်ရဲ့။ အဲဒီအချိန်မှာ ရေဒီယိုကနေ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ဆိုတဲ့ တေးနံ့သာမြိုင်အဖွဲ့ သီဆိုထားတဲ့ ပြည်သူ့အားကစားဆင်နွှဲစို့သီချင်းကို ကြားနေကျ။ ဒါဆိုရင် သူငယ်ချင်းတွေစုပြီး နံနက်ပိုင်း ထပြီးပြေးကြပြီ။ လူကြီးတွေကတော့ လမ်းလျှောက်ကြတယ်။ တရုံးရုံးနဲ့ပျော်စရာကြီး။ ငယ်တုန်းကတော့ ကျန်းမာရေးအသိဆိုတာထက် ဆောင်းရောက်ရင် အားကစားလုပ်ရမယ်၊ ပျော်စရာကောင်းတယ်ဆိုတဲ့ အသိလောက်ပါပဲ။ ဒါပေမယ့်လည်း ကျန်းမာရေးကို ပျော်စရာတစ်ခုအနေနဲ့ လုပ်ခဲ့ကြပေမယ့် ပြေးလို့ပဲဖြစ်ဖြစ်၊ လမ်းလျှောက်လို့ပဲဖြစ်ဖြစ် ကျန်းမာရေးလုပ်တဲ့နေ့ဆို တစ်နေ့လုံး နေလို့ထိုင်လို့ကောင်းလိုက်တာ။ သွက်လက်နေတာပဲ။

### ဒီဇင်ဘာလမ်းလျှောက်ရက်ဆိုရင်

ဆောင်းတွင်းမို့လို့ စောင်နဲ့ကွေးနေချင်ပေမယ့် မိဘတွေက သွားကြပါလား၊ လူငယ်လုပ်နေပြီး အားကစားလေးဘာလေးလုပ်ကြပေါ့လို့ တိုက်တွန်းကြတယ်။ နောက်ပြီး ကိုယ်က မသွားချင်ရင်တောင် သူငယ်ချင်းအချင်းချင်း နံနက်ထပြေးကြမယ်ဟေ့လို့ လူစုလိုက်ရင်လည်း နံနက်အစောထပြေးဖြစ်တယ်။ ဒီဇင်ဘာလမ်းလျှောက်ရက်ဆိုရင် ပိုပြီးပျော်စရာကောင်းသေး။ အိုး... လူတွေ အများကြီးနဲ့။ တပေးပေး တဟားဟား ပျော်စရာကြီး။ မိဘတွေကတော့ ဆောင်းတွင်းရောက်မှ မဟုတ်ပါဘူး။ နံနက်တိုင်း လမ်းလျှောက်ကြတယ်။ ကျွန်တော်တို့လူငယ်တွေကတော့ ရာသီမရွေး မလျှောက်ဖြစ်ပါဘူး။ ဆောင်းတွင်းရောက်မှပဲ တစ်ပွဲတိုးထပြီးလုပ်ကြတာ။

အခုအသက် ၅၀ ကျော်လာတော့ အသက်အရွယ်နဲ့ ကျန်းမာရေးက စကားပြောလာပြီ။ ခေါင်းမှာ ဆံပင်ဖြူတွေ ထွက်နေပြီ။ မျက်စိမှုန်လာတော့ စာကြည့်မျက်မှန်တပ်ရပြီ။ ရုံဖန်ရံခါ ခါးနာတာတွေ၊ အမောမခံနိုင်တာတွေလည်း တွေ့ရပြီပေါ့။ ခန္ဓာကိုယ်ကြီးက အကျဘက်ရောက်လာတဲ့ လက္ခဏာတွေလေ။ ငယ်စဉ်ကတည်းက ကျန်းမာရေးကို တစိုက်မတ်မတ်လုပ်ခဲ့ရင်တော့ တစ်မျိုးပေါ့။

ငယ်ငယ်တုန်းက ကျန်းမာရေးလိုက်စားခဲ့ပေမယ့် နောက်ပိုင်းကျ လုပ်ငန်းခွင်ဝင်ကြ၊ အိမ်ထောင်နဲ့၊ မိသားစုနဲ့ဖြစ်လာတော့ ကျန်းမာရေးက နောက်ကိုရောက်သွားလိုက်တာ တစ်ခါတလေ သတိတောင်မရတော့ဘူး။ အခုလို အသက်အရွယ်ရောက်လာမှ သတိထားမိတော့တယ်။ သတိထားမိမှာပေါ့၊ ခန္ဓာကိုယ်ကြီးက သတိပေးနေပြီလေ။ ခန္ဓာကိုယ်ကြီးဆိုတာကလည်း စက်ကြီးတစ်ခုလိုပဲပေါ့။ သုံးသာသုံးနေကြတာ ပြုပြင်ထိန်းသိမ်းဖို့မလုပ်ကြတော့ ရေရှည်မှာကျပြီပေါ့။

အလွန်အကျွံသုံးပြီး မပြုပြင်မထိန်းသိမ်းကြလို့ အချိန်မတိုင်မီ ပျက်စီးသွားတာတွေလည်း တွေ့ရတယ်။ အသုံးပြုနည်းမမှန်လို့ ပျက်စီးသွားတာတွေလည်းတွေ့ရတယ်။ သုံးလည်းသုံး ထိန်းထိန်းသိမ်းသိမ်းလည်း နေထိုင်ကြလို့ အခုထိ ဒေါင်ဒေါင်မြည်နေတဲ့သူတွေလည်း တွေ့ရတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးပေါ့။ တစ်ခါတလေကျ ကျန်းမာရေးတော့အသိရှိပါရဲ့၊ လုပ်နိုင်တဲ့အခြေအနေလည်း ရှိပါရဲ့၊ ဒါပေမယ့် မလုပ်ဖြစ်တဲ့သူတွေလည်းရှိကြတာပဲ။

### အသက်ရှည်ရာ အနာမဲ့ကြောင်း

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်ချစ်တယ်ဆိုရင် အသက်ရှည်ရာ အနာမဲ့ကြောင်း နေထိုင်တတ်တဲ့ လူနေမှုပုံစံက မရှိမဖြစ်လိုတယ်လို့ သိလာခဲ့တယ်။ အသက်ရှည်ရှည်နေနိုင်ဖို့ကတော့ ကံ၊ ဉာဏ်၊ ဝီရိယ ပေါင်းစပ်ဖို့တော့လိုမှာပေါ့။ ကံတရားကို ပြုပြင်လို့မရဘူးဆိုရင်တောင် ဉာဏ်နဲ့ဝီရိယလေးတော့ စိုက်ရမှာပဲ။ ဒါမှ ဒီခန္ဓာကိုယ်ကြီးက ကျန်းမာနေမှာမဟုတ်လား။ ငွေကြေးတွေ၊ ဂုဏ်တွေ၊ ရာထူးတွေ ဘယ်လောက်ရှိရှိ ဒီခန္ဓာကိုယ်ကြီးမကျန်းမာလို့ကတော့ အချိန်မတိုင်မီ လက်ပြနှုတ်ဆက်ပြီး ထားခဲ့ကြ၊ ခွဲခွာခဲ့ကြရမှာပါ။

ကမ္ဘာမှာ နာမည်ကြီးပါတယ်ဆိုတဲ့ မိုက်ကယ်ဂျက်ဆင်တို့လို တတ်နိုင်တဲ့သူတွေ၊ စတီဂျော့လို ချမ်းသာတဲ့သူတွေကို နမူနာယူကြည့်လိုက်ရင် သံဝေဂရစရာပါပဲ။ ကံကုန်လို့ သေဆုံးခဲ့ရတယ်ဆိုတာတော့ ထားပါတော့။ ကိုယ့်ခန္ဓာကိုယ်ကြီးကို ကျန်းမာရေးနဲ့ ညီညွတ်အောင်မထားလို့၊ မသုံးတတ်လို့ဆိုရင်တော့ ကံတရားဆိုတာထက် ကျန်းမာရေးအသိနဲ့ ပိုဆိုင်မယ်ထင်တာပဲ။

### သက်ရှည်ကျန်းမာတဲ့ဘဝ လူတိုင်းရချင်ကြ

ကျွန်တော့်မိဘတွေဆို အသက် ၇၀ ကျော်အထိနေခဲ့ရတယ်။ မသေခင်အထိက ကျန်းမာရေးချို့ယွင်းတာ အတော်နည်းတယ်။ ကျွန်တော့်အဒေါ်ဆိုရင် အခု အသက် ၉၀ ကျော်ပြီ။ နားနည်းနည်းလေးတာကလွဲလို့ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ။ ရွာမှာနေတာဆိုတော့ အိမ်လည်သွားလို့ကောင်းတုန်း။ မျက်စိလည်း ကောင်းလိုက်တာ။ ကိုယ်တွေတောင်သူ့လောက်မကောင်းတော့ဘူး။ အဲဒီလို သက်ရှည်ကျန်းမာတဲ့ဘဝဆိုတာ လူတိုင်းရချင်ကြတာပဲမဟုတ်လား။ ဒါပေမယ့်ရချင်တာပဲသိပြီး ကျန်းမာရေးလိုက်စားဖို့ဆိုရင် တီကောင်ကို ဆားနဲ့တို့သလိုပဲ တွန့်လိမ်နေလိုက်ကြတာ။ ကိုယ့်ကိုယ်ကိုယ်ပြောပါတယ်။

ကျွန်တော်တို့ အသက် ၅၀ ကျော်တန်းတွေက ခေတ်နှစ်ခေတ်ကို ဖြတ်သန်းခဲ့ရသူတွေလို့ ပြောနိုင်တယ်။ ငယ်ငယ်တုန်းက တယ်လီဖုန်းဆိုတာဝေးလို့ တီဗွီတောင် မရှိခဲ့ဘူး။ စက်ဘီးရှိရင် အလုပ်ဖြစ်နေပြီ။ ကားလည်းမရှိ၊ ဆိုင်ကယ်ဆိုတာလည်း မရှိတော့ စက်ဘီးစီးချင်စီး၊ မစီးချင်ရင် လမ်းလျှောက်ပေတော့။ ကျန်းမာရေးနဲ့ကိုညီလို့။ ညဆိုလည်း စာကျက်တာကလွဲလို့ တီဗွီလည်း မကြည့်ရ၊ ဖုန်းလည်းမကိုင်ရဆိုတော့ ည ၉ နာရီမထိုးခင် အိပ်ပေတော့ပဲ။ ဖေဖေဆိုရင် ည ၈ နာရီထိုးရင် အိပ်၊ နံနက် ၄ နာရီလောက်ဆိုထပြီ။ အဲဒါနေ့တိုင်းပဲ။

ဒီဘက်ခေတ် လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်လောက်ကစပြီး ပေါ်လာလိုက်တဲ့ နည်းပညာပစ္စည်းတွေ။ နည်းပညာပစ္စည်းတွေကြောင့် လူတွေရဲ့လူနေမှုစနစ်နဲ့ နေထိုင်မှုပုံစံတွေလည်း ပြောင်းလဲကုန်ပြီ။ အရင်က ည ၈ နာရီ၊ ၉ နာရီဆို အိပ်တာ၊ အခုဆို ၁၁ နာရီလည်း မအိပ်နိုင်၊ ၁၂ နာရီကျော်လည်း မအိပ်နိုင်နဲ့။ ဘယ်အိပ်လိမ့်မတုံး၊ ဖုန်းပွတ်၊ တီဗွီကြည့်၊ လျှောက်လည်ကြနဲ့ အိပ်ချိန်မမှန်တော့ဘူး။ ညဘက်အိပ်ချိန်နောက်ကျမှတော့ နံနက်အစောထ လမ်းလျှောက်ဖို့ဆိုတာ ဝေလာဝေး၊ နေဖင်ထိုးတာတောင် မထနိုင်တော့ဘူး။

### ယနေ့ခေတ်နဲ့ ကျန်းမာရေး

ကျန်းမာရေးအမြင်နဲ့ကြည့်ရင် ဘယ်လိုလုပ်ကိုက်ညီမလဲ။ အိပ်ချိန်မမှန် ထချိန်မမှန်ကိုး။ နည်းပညာတွေတိုးတက်လာတာဟာ လူတွေရဲ့ လူနေမှုပုံစံတွေ တိုးတက်လာဖို့ပဲလေ။ ဒါပေမယ့် အသုံးချတဲ့နည်းမမှန်ရင်တော့ တစ်ဖက်မှာ ဆိုးကျိုးတွေ ဖြစ်လာမှာပဲ။ တစ်ခါတလေ လူငယ်လေးတွေ ဖုန်းတွေ၊ ကွန်ပျူတာတွေနဲ့ ဂိမ်းတွေဆော့နေလိုက်ကြတာ ထိုင်ရာမထ။ အိပ်ချိန်၊ စားချိန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအမြင်တွေနဲ့ကြည့်ရင် ဖြစ်သင့်တာထက် လွန်လွန်ကဲကဲဖြစ်နေကြတယ်လို့ မြင်တာပဲ။ ဒါကြောင့်လည်း ဒီနည်းပညာပစ္စည်းတွေကြောင့် လူထုကျန်းမာရေးကို ထိခိုက်နေတယ်လို့ ပြောကြတာဖြစ်ပါလိမ့်မယ်။

ကျန်းမာရေးနဲ့ဆိုင်တဲ့ နောက်တစ်ခုက စားသောက်မှုပုံစံပါပဲ။ ခေတ်တွေ ပြောင်းလဲလာတာနဲ့အတူ ပြောင်းလဲလာတာက လူတွေရဲ့ စားသောက်မှုပုံစံတွေပါ။ အချို့အစားအသောက်တွေရဲ့ အရည်အသွေးတွေမမှန်တာ၊ အရည်အသွေးကျဆင်းတာတွေရှိသလို first food လိုမျိုးအစားအစာတွေက ကျန်းမာရေးနဲ့မညီဘူးလို့လည်း ကြားနေရတယ်။ အရင်ကတော့ အပြင်စာတွေစားကြတာထက် စားချင်တာကို အိမ်မှာပဲချက်ပြုတ်စားကြတာဆိုတော့ ကျန်းမာရေးအမြင်အရဆိုရင် ဘေးထွက်ဆိုးကျိုးနည်းမှာပေါ့။ ဒါကြောင့်မို့လားမသိဘူး ရှေးလူကြီးတွေများ အသက်ရှည်လိုက်ကြတာ။

အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်လို့တောင် ဆိုနိုင်မလားမသိဘူး။ အခြားနိုင်ငံတွေမှာတော့ အော်ဂဲနစ်စားသောက်ကုန်တွေကို ဦးစားပေးရွေးချယ်စားသောက်လာကြတာ တွေ့ရပါတယ်။ ဒါကလည်း ပြောလို့သာပြောရတာ ငွေကြေးတတ်နိုင်တာနဲ့ တိုက်ရိုက်ဆိုင်နေပြန်ရော။ ဒါကြောင့်မို့ ဆင်းရဲမှုများကြတဲ့ဝန်းကျင်တွေမှာ လူ့သက်တမ်းတိုတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လူ့သက်တမ်းဟာ တိုးတက်လာတယ်ဆိုပေမယ့် တိုးတက်မှုဟာ နှေးကွေးနေတယ်လို့ဆိုပါတယ်။ ၂၀၁၁ ခုနှစ်က ၆၃ ဒသမ ၉၈ ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာဆိုရင် ၆၇ ဒသမ ၃၆ ရှိတာကို တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် နိမ့်နေပါသေးတယ်။ လူ့သက်တမ်းရှည်ဖို့ဆိုတာက အခြားလိုအပ်ချက်တွေတော့ ရှိတာပေါ့။

*စာမျက်နှာ ၁၈ သို့*

*** နည်းပညာတွေတိုးတက်လာတာဟာ လူတွေရဲ့ လူနေမှုပုံစံတွေ တိုးတက်လာဖို့ပဲလေ။ ဒါပေမယ့် အသုံးချတဲ့နည်းမမှန်ရင်တော့ တစ်ဖက်မှာ ဆိုးကျိုးတွေ ဖြစ်လာမှာပဲ။ တစ်ခါတလေ လူငယ်လေးတွေ ဖုန်းတွေ၊ ကွန်ပျူတာတွေနဲ့ ဂိမ်းတွေဆော့နေလိုက်ကြတာ ထိုင်ရာမထ။ အိပ်ချိန်၊ စားချိန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအမြင်တွေနဲ့ကြည့်ရင် ဖြစ်သင့်တာထက် လွန်လွန်ကဲကဲဖြစ်နေကြတယ်လို့ မြင်တာပဲ။ ဒါကြောင့်လည်း ဒီနည်းပညာပစ္စည်းတွေကြောင့် လူထုကျန်းမာရေးကို ထိခိုက်နေတယ်လို့ ပြောကြတာဖြစ်ပါလိမ့်မယ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

## အသိပေးသတင်းထုတ်ပြန်ခဲ့

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ သင်းလတ်သည် ၎င်းအသုံးပြုသည့် “Thin Lat” Facebook အကောင့်၊ သဃ်န်းကျွန်းမြို့နယ်နေ ကောင်းမြတ်ထွန်း(ခ)ကိုကောင်းသည် ၎င်းအသုံးပြုသည့် “Ko Kaung” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

## ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မင်းဘူး - အမ်း - စစ်တွေ ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သော တောင်သူများအား မြေယာလျော်ကြေးပေး

ပုဏ္ဏားကျွန်း နိုဝင်ဘာ ၁၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပိုင်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော တောင်သူများအား မြေယာလျော်ကြေးများကို နိုဝင်ဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ပေးအပ်သည်။

အဆိုပါလျော်ကြေးငွေပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်စံဝင်း နှင့်အဖွဲ့ဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြန်မာ့မီးရထား (စစ်တွေ) ရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြေယာလျော်ကြေးငွေ လက်ခံရယူမည့် တောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့မီးရထား (စစ်တွေ) ရုံးမှ စီမံကိန်းအင်ဂျင်နီယာဦးနေဝင်းက မြေယာလျော်ကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော တောင်သူ ၅၄ ဦးပိုင် မြေ ၅၀ ဒသမ ၅၅ ဧကအတွက် မြေလျော်ကြေးကျပ် ၁၂၆၆၂၅၀၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ကန့်ကွက်ခံရသူ တောင်သူနှစ်ဦး၊ မြေရိုယာအငြင်းပွားတောင်သူ လေးဦး၊ လာရောက်ထုတ်ယူခြင်းမရှိသည့် တောင်သူသုံးဦးတို့၏ မြေ ၁၀ ဒသမ ၇၁ ဧကအတွက် လျော်ကြေး ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှသိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

မြန်မာပြည်ကို အခြားအဖျက်အမှောင့်များ နှောင့်ယှက်ခဲ့လျှင်လည်း ထိန်းသိမ်းကာကွယ်ကြရမည်မှာ မြန်မာပြည်သူ ပြည်သားများ၏ တာဝန်ပင်ဖြစ်သည်။ အမိမြေကို ချစ်သည့်၊ မိမိလူမျိုးကိုချစ်သည့်၊ အမျိုးစစ်၍အမျိုးချစ်သည့် မြန်မာပြည်သူပြည်သားတိုင်းတွင် ဇာတိမာန် စိတ်ဓာတ်များ အစဉ်နိုးကြား ကြရပေမည်။ “မီးတွင် အခိုးအလျှံရှိမှ အရှိန်မပျက် သလို လူတို့တွင်လည်း အမျိုးမာန်၊ ဇာတိမာန်ရှိမှ အမျိုးဂုဏ်အရှိန်အဟုန်ကြီးမားမည်ကို သတိပြုကြရပေမည်။

**အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်ရေး**

အမျိုးသားရေးစိတ်ဓာတ်ဟူသည်ကား အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားရေးလက္ခဏာများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်ရေးတို့ကို အစဉ်ဦးထိပ်ပန်ဆင်ထားသောစိတ်ဓာတ်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာပြည်သူပြည်သားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ထက်မြက်သော ဇာတိမာန်၊ ရဲရင့်သော သတ္တိသွေး၊ ပြောင်မြောက်သောအားမာန်တို့ဖြင့် ရပ်တည်လာခဲ့ကြသည်မှာ နှစ်ပေါင်းရာထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သည်။ သမိုင်းအဆက်ဆက် ပြောင်းလဲခဲ့သော်လည်း မပြောင်းလဲခဲ့သော အမျိုးသားရေးစိတ်ဓာတ်များကြောင့် ယနေ့ထိတိုင် မြန်မာဟု ဝင့်ထည်နိုင်ခြင်းဖြစ်သည်။

သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် အမျိုးသားရေးစိတ်ဓာတ် အခြေခံကောင်းများကြောင့် မြန်မာပြည်ကြီးသည် လွတ်လပ်ခြင်း အတိနှင့် ထွန်းတောက်နေခြင်းဖြစ်သည်။ ထိုသမိုင်းကောင်းများကို ပြည်သူပြည်သားတိုင်း နားလည်သဘောပေါက် ကြရမည်။ “ယနေ့လူငယ်၊ နောင်ဝယ် လူကြီး” ဆိုသကဲ့သို့ သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်းသယ်ဆောင်ကြမည့် လူငယ်များကိုလည်း အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်။

နိုင်ငံတော်အစိုးရနှင့် အလွှာအသီးသီးမှ တာဝန်ရှိသူများသည် မျိုးချစ်စိတ်အပြည့်အဝဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိပေသည်။ မြန်မာတစ်မျိုးသားလုံးကလည်း လူကြီးလူငယ် ကျား မ မရွေး မိမိတို့တတ်စွမ်းသမျှ အခန်းကဏ္ဍအသီးသီးတွင် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်ကြရပေမည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော နိုင်ငံတော်သစ်ဆီသို့ အမြန်တက်လှမ်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် မြန်မာပြည်သူပြည်သားတိုင်း အမျိုးသားရေးစိတ်ဓာတ်များ အစဉ်နိုးကြားထက်သန်ရေးအတွက် သမိုင်းကောင်းတစ်ခုဖြစ်သည့် အမျိုးသားနေ့မှ စတင်အခြေခံ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

---

*စာမျက်နှာ ၁၇ မှ*

ဥပမာ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး စတာတွေနဲ့ ဆက်စပ်နေပါတယ်။ ကျန်းမာရေးအသိရှိပေမယ့် အာဟာရဖြစ်တဲ့ အစားအစာ၊ လုံလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရပြန်ရင်လည်း အဆင်မပြေပြန်ဘူး။ ဒါပေမယ့် အဲဒီလိုအပ်ချက်တွေ မပြည့်စုံလို့ ကျန်းမာရေးလိုက်စားလို့မရတော့ဘူးလားဆိုတာကလည်း စဉ်းစားစရာပါ။ အသက်ရှည်ရှည်နေသွားကြတဲ့ ကျွန်တော်တို့ ဘိုးဘွားတွေ၊ မိဘတွေဆိုတာ အခုခေတ်လို အစားအသောက်တွေမစားခဲ့ကြရပေမယ့် အသက်ရှည်ရှည်နေခဲ့ကြတာ လက်တွေ့ပဲ။

အာဟာရဆိုရာမှာ အကောင်းစားကြီးတွေ၊ ဈေးကြီးတာတွေစားမှ အာဟာရဖြစ်တာ မဟုတ်ပါဘူး။ ကျန်းမာရေးနဲ့ကိုက်ညီတဲ့ အစားအသောက်ကို ရွေးချယ်စားသောက်မယ်၊ ကျန်းမာရေးနဲ့ ညီတဲ့ နေထိုင်မှုပုံစံရှိမယ်ဆိုရင်လည်း သက်တမ်းစေ့ ကျန်းကျန်းမာမာနေနိုင်မှာပါ။ ငွေကုန်ကြေးကျမများဘဲ ကျန်းမာရေးအတွက် ကျွန်တော်တို့လုပ်နိုင်တဲ့အရာတွေ အများကြီးရှိပါတယ်။ ကျန်းမာရေးအမြင်အရ ရှောင်သင့်တာရှောင်ဖို့၊ လုပ်သင့်တာလုပ်ဖို့ ဆိုတာတွေ လက်တစ်ကမ်းမှာ ရှိနေပါတယ်။ လူ့သက်တမ်းစေ့နေနိုင်ဖို့အတွက် ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးဆိုတာ လူတိုင်းအတွက် အရေးကြီးဆုံးအရာတွေပါ။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုတာ ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ပိုနားလည်နိုင်ပါတယ်။ စိတ်ကျန်းမာဖို့အတွက် ဗုဒ္ဓဘာသာအရဆိုရင် စိတ်ကိုထိန်းသိမ်းနိုင်တဲ့ တရားတွေ၊ ကျင့်ကြံအားထုတ်မှုတွေရှိပြီး ဖြစ်ပါတယ်။ ကိုယ့်ရဲ့ကျန်းမာရေးအတွက် အချိန်တစ်ခုပေးပြီး လုပ်ဖို့ပဲလိုပါတယ်။

ကိုယ်ကျန်းမာရေးအတွက်ကတော့ အစားအသောက်၊ လူနေမှုပုံစံနဲ့ ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုတွေ လုပ်ဖို့ပါပဲ။ ဒီကနေ့ခေတ်မှာ Gym လို အားကစားလိုက်စားလို့ရတဲ့နေရာတွေ ရှိပါတယ်။ Gym ကိုသွားရင် ပိုက်ဆံကုန်မယ်ဆိုရင် ကိုယ့်ဘာသာကိုယ် လမ်းလျှောက်လို့ရပါတယ်၊ ပြေးလို့ရပါတယ်၊ စက်ဘီးစီးလို့ရပါတယ်။ ငွေကုန်ကြေးကျမရှိဘဲ ကျန်းမာရေးလုပ်လို့ရတာတွေ အများကြီးပါပဲ။ ကျန်းမာရေးအတွက် အားကစားလုပ်ချိန် အချိန်တစ်ချိန် သတ်သတ်မှတ်မှတ်ပေးဖို့ပါပဲ။ ကျန်းမာရေးအတွက် ကိုယ်နဲ့ကိုက်ညီမယ့် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပုံမှန်လုပ်မယ်ဆိုရင် အဲဒီအကျိုးကျေးဇူးကို လက်တွေ့ခံစားရမှာက မိမိကိုယ်တိုင်ပါပဲ။ ဒီလိုမှမဟုတ်ဘဲ ကျန်းမာရေးချို့ယွင်းလာမှ ကုသရမယ်ဆိုရင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ငွေကြေး စတဲ့ဆုံးရှုံးမှုတွေ တစ်သီကြီးက စောင့်နေမှာပါ။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ စကားလိုပါပဲ။

လူကြီးမိဘတွေက ကျွန်တော်တို့ကို ဆုတောင်းပေးကြတဲ့အခါ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပေးတတ်ကြပါတယ်။ အဲဒီလို ဆုတောင်းပေးတာ ပြည့်ဝဖို့ဆိုရင် ကိုယ်တိုင်က ကိုယ်ကျန်းမာအောင်၊ စိတ်ချမ်းသာအောင် လက်တွေ့ကျကျနေထိုင်ဖို့တော့ လိုမှာပေါ့။ ။

# Premier League Game Week 16

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၁၆) ကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာဆင်နယ်က တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဝုဖ်၊ ဒုတိယနေရာမှ မန်စီးတီးက ကစားရခက်ခဲသည့် ဘရန့်ဖို့ဒ်၊ ခြေစွမ်းထက်မြက်နေသည့် ကာဆယ်က ချယ်ဆီးအသင်းတို့နဲ့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ်ပွဲစဉ် (၁၆) | |
|---|---|
| ၁၂-၁၁-၂၀၂၂ | စနေနေ့ |
| မန်စီးတီး - ဘရန့်ဖို့ဒ် | ည ၇း၀၀ |
| ဘုန်းမောက် - အဲဗာတန် | ည ၉း၃၀ |
| လီဗာပူး-ဆောက်သမ်တန် | ည ၉း၃၀ |
| နော်တင်ဟမ် - ပဲလေ့စ် | ည ၉း၃၀ |
| စပါး - လိဒ်စ် | ည ၉း၃၀ |
| ဝက်စ်ဟမ်း - လက်စတာ | ည ၉း၃၀ |
| ကာဆယ် - ချယ်ဆီး | နံနက် ၁၂း၀၀ |
| ဝုဖ်-အာဆင်နယ် | နံနက် ၂း၁၅ |
| ၁၃-၁၁-၂၀၂၂ | တနင်္ဂနွေနေ့ |
| ဘရိုက်တန် - ဗီလာ | ည ၈း၃၀ |
| ဖူလ်ဟမ် - မန်ယူ | ည ၁၁း၀၀ |

# ရှုံးပွဲဆက်နေတဲ့ ချယ်ဆီး ခြေစွမ်းထက်နေတဲ့ ကာဆယ်ကို အနိုင်ရဖို့ ခက်မယ်

## မန်စီးတီး VS ဘရန့်ဖို့ဒ်

| | မန်စီးတီး | | | ဘရန့်ဖို့ဒ် | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | အိမ် | အဝေး | စုစုပေါင်း | အိမ် | အဝေး |
| ပွဲ | ၈ | ၄ | ၄ | ၈ | ၄ | ၄ |
| နိုင် | ၅ | ၃ | ၂ | ၂ | ၁ | ၁ |
| သရေ | ၁ | ၀ | ၁ | ၁ | ၁ | ၀ |
| ရှုံး | ၂ | ၁ | ၁ | ၅ | ၂ | ၃ |

မန်စီးတီးအသင်းက ဦးဆောင်သူ အာဆင်နယ်ကို ထပ်ကြပ်မကွာဖိအားပေးနိုင်ဖို့ အသေအချာပြင်ဆင်လာမှာပါ။ ဘရန့်ဖို့ဒ်ကလည်း နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတာကြောင့် နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာပါ။ မန်စီးတီး အနိုင်ရရှိဖွယ်ရှိတယ်။

## ကာဆယ် VS ချယ်ဆီး

| | ကာဆယ် | | | ချယ်ဆီး | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | အိမ် | အဝေး | စုစုပေါင်း | အိမ် | အဝေး |
| ပွဲ | ၁၄၆ | ၇၃ | ၇၃ | ၁၄၆ | ၇၃ | ၇၃ |
| နိုင် | ၄၇ | ၃၆ | ၁၁ | ၆၄ | ၄၃ | ၂၁ |
| သရေ | ၃၅ | ၁၆ | ၁၉ | ၃၅ | ၁၉ | ၁၆ |
| ရှုံး | ၆၄ | ၂၁ | ၄၃ | ၄၇ | ၁၁ | ၃၆ |

အမှတ်ပေးဇယားအထက်ပိုင်းက အသင်းချင်းချင်းတွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ရှုံးပွဲဆက်နေတဲ့ ချယ်ဆီးအသင်းက ခြေစွမ်းထက်မြက်နေတဲ့ ကာဆယ်ကို အနိုင်ရဖို့ ခက်မယ်။

## ဝုဖ် VS အာဆင်နယ်

| | ဝုဖ် | | | အာဆင်နယ် | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | အိမ် | အဝေး | စုစုပေါင်း | အိမ် | အဝေး |
| ပွဲ | ၁၀၃ | ၅၁ | ၅၂ | ၁၀၃ | ၅၂ | ၅၁ |
| နိုင် | ၂၈ | ၁၉ | ၉ | ၄၈ | ၂၇ | ၂၁ |
| သရေ | ၂၇ | ၁၁ | ၁၆ | ၂၇ | ၁၆ | ၁၁ |
| ရှုံး | ၄၈ | ၂၁ | ၂၇ | ၂၈ | ၉ | ၁၉ |

အမှတ်ပေးဇယားရပ်တည်မှုအရ အာဆင်နယ်အသင်းရော ဝုဖ်အသင်းပါ မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ အာဆင်နယ်က ပြီးခဲ့တဲ့ ကာရာဘောင်ပွဲမှာ ဘရိုက်တန်ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရတာကြောင့် ယခုပွဲစဉ်အတွက် အသေအချာပြင်ဆင်လာမှာပါ။

## ဖူလ်ဟမ် VS မန်ယူ

| | ဖူလ်ဟမ် | | | မန်ယူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | အိမ် | အဝေး | စုစုပေါင်း | အိမ် | အဝေး |
| ပွဲ | ၅၆ | ၂၈ | ၂၈ | ၅၆ | ၂၈ | ၂၈ |
| နိုင် | ၇ | ၅ | ၂ | ၃၇ | ၂၃ | ၁၄ |
| သရေ | ၁၂ | ၉ | ၃ | ၇ | ၂ | ၅ |
| ရှုံး | ၃၇ | ၁၄ | ၂၃ | ၇ | ၂ | ၅ |

မန်ယူက ပြီးခဲ့တဲ့ လိဂ်ပွဲမှာ ဗီလာကို ဂိုးပြတ်ရှုံးနိမ့်မှုကြောင့် ယခုပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ ခြေကုန်ထုတ်လာမှာပါ။ ဖူလ်ဟမ်ကလည်း နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ ဖူလ်ဟမ်ထက် မန်ယူအသာရဖွယ်ရှိတယ်။

■ ယခုအပတ် လိဂ်ပြိုင်ပွဲများ ပြီးဆုံးပါက ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

## ဂျုန်းစ်ကို နည်းပြသစ်အဖြစ် ဆောက်သမ်တန် ခန့်အပ်

ရလဒ်များဆိုးရွားလာပြီး တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဆောက်သမ်တန်အသင်းသည် ဟာဆင်ဟွတ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်ကာ နသန်ဂျုန်းစ်ကို အသင်းနည်းပြအဖြစ်ခန့်အပ်လိုက်သည်။လူတန်တောင်းအသင်းနှင့်လမ်းခွဲကာ ဆောက်သမ်တန်အသင်းနှင့် သုံးနှစ်ခွဲရှိ စာချုပ်ကို ချုပ်ဆိုလိုက်သောဂျုန်းစ် (၄၉နှစ်) သည် လူတန်တောင်းအသင်းကို ၁၃၃ ပွဲအထိ တာဝန်ယူကိုင်တွယ်ထားသည်။



## ကာရာဘောင်ပြိုင်ပွဲ မန်ယူနောက်တစ်ဆင့်တက်

ကာရာဘောင်ဖလား ပြိုင်ပွဲ တတိယအဆင့်မှ မန်ယူနှင့် ဗီလာအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရာ မန်ယူက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် မန်စီးတီးနှင့် လီဗာပူးနိုင်ပွဲရရှိပြီး အာဆင်နယ်၊ စပါး၊ ချယ်ဆီးအသင်းတို့ ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ကာရာဘောင်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး မန်ယူနှင့် ဘန်လေ၊ ဝုဖ်နှင့် ဂီလင်ဂမ်၊ ဆောက်သမ်တန်နှင့် လင်ကွန်း၊ ဘလက်ဘန်းနှင့် နော်တင်ဟမ်၊ ကာဆယ်နှင့် ဘုန်းမောက်၊ အမ်ကေဒွန်းစ်နှင့် လက်စတာ၊ ချာလ်တန်နှင့် ဘရိုက်တန်အသင်းတို့ တွေ့ဆုံနေသည်။

## နောက်ဆုံးရသတင်းတိုများ

■ အဲဗာတန်အသင်းမှ ခံစစ်ကစားသမား မိုက်ကယ်ကိန်းကို ဇန်နဝါရီတွင် ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စိတ်ဝင်စားနေကြောင်း သိရသည်။

■ နာပိုလီ တိုက်စစ်ကစားသမား ဗစ်တာ အိုစင်မန်ကို ခေါ်ယူကာ လာမည့်ရာသီတွင် အသင်း၏ တိုက်စစ်ကို မန်ယူအသင်း အားဖြည့်လုပ်ဆောင်သွားဖွယ်ရှိသည်။

# ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ထိပ်တန်းကစားသမားအချို့ လွဲချော်ဖို့ရှိနေ




ကမ္ဘာတစ်ဝန်းက ဘောလုံးချစ်ပရိသတ်တွေ မျှော်လင့်စောင့်စားနေတဲ့ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကတော့ မကြာမီအချိန်မှာ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံက ပြင်သစ်အသင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ပြိုင်ပွဲဗိုလ်လုပွဲမှာ ခရိုအေးရှားကို လေးဂိုး- နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ဆွတ်ခူးထားတာပါ။

ကာတာနိုင်ငံမှာ ကျင်းပတော့မယ့် (၂၂) ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ပြိုင်ပွဲသမိုင်းတစ်လျှောက် အရှေ့အလယ်ပိုင်းဒေသမှာ ပထမဆုံးအကြိမ်ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဖြစ်တယ်လို့ သိရပါတယ်။

အဲဒီ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းပေါင်း ၃၂ သင်း ပါဝင်ပြီး နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ မြို့တော်ဒိုဟာနှင့် အခြားမြို့ လေးမြို့ရှိ အားကစားကွင်း ရှစ်ကွင်းမှာ သိုက်သိုက်မြိုက်မြိုက်နဲ့ကျင်းပသွားမှာ ဖြစ်ပါတယ်။


ကန်တီ (၃၁နှစ်)
ပြင်သစ် (ဗဟိုကွင်းလယ်)
၅၃ ပွဲ၊ နှစ်ဂိုးသွင်း

ယခင် ကမ္ဘာ့ဖလားပြိုင်ပွဲတွေကို မေလနဲ့ ဇူလိုင်လကြား ကျင်းပလေ့ရှိသော်လည်း ကာတာနိုင်ငံရဲ့ အပူဒဏ်ကို ရှောင်ရှားနိုင်ရန်အလို့ငှာ အေးတဲ့ရာသီမှာ ပြောင်းရွှေ့ကစားဖို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲဟာ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလား စတင်ယှဉ်ပြိုင်ကစားပြီးကတည်းက နောက်အကျဆုံး ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲလည်း ဖြစ်လာမှာပါ။ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအဖွင့်ပွဲစဉ်ကို နိုဝင်ဘာ ၂၀ ရက်မှာ အိမ်ရှင်ကာတာနဲ့ အီကွေဒေါအသင်းတို့ စတင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။


ဂျိုတာ (၂၅နှစ်)
ပေါ်တူဂီ (တိုက်စစ်)
၂၉ ပွဲ၊ ၁၀ ဂိုးသွင်း

ပြိုင်ပွဲကျင်းပဖို့ နီးကပ်လာသော်လည်း သက်ဆိုင်ရာ ကလပ်အသင်းတွေမှာ ခြေစွမ်းပြကစားနေပြီး ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားအချို့ကတော့ ဒဏ်ရာကြောင့် လွဲချော်ဖို့ ရှိနေပါတယ်။ အဲဒီ ကစားသမားတွေထဲမှာ ကန်တီ၊ ဂျိုတာ၊ ရေစီဂျိမ်းစ်၊ နီတို၊ ကာမာရာ၊ ပေါ့ဂ်ဘာ၊ အာရာဂျို၊ ဘော်နာဆား၊ ရီကာဒို ပါရဲရား၊ ရော်ဘင်ဆင်၊ တီမိုဝါနာ၊ ဘင်ချီဝဲစတဲ့ ကစားသမားတွေအပြင် ဘိုင်ယန်မြူးနစ်အသင်းမှ ဆီနီဂေါ တိုက်စစ်ကစားသမား မာနေးလည်း ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာဘူးလို့ နိုင်ငံတကာသတင်း ရင်းမြစ်တွေမှာ အကျယ်တဝင့် ဖော်ပြထားတာ တွေ့ရတယ်။ ဒ့ါအပြင် လီဗာပူးအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဖာမီနိုနဲ့ မန်ယူအသင်းမှ စပိန်ဂိုးသမား ဒီဂီယာလည်း အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရတာကြောင့် ကာတာကမ္ဘာ့ဖလားအိပ်မက် အဆုံးသတ်သွားခဲ့ပြီ ဖြစ်ပါတယ်။

■ မိုးဇက် - စုစည်းသည်

# ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းများအား အများပြည်သူ ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်း၌ မိုးမောက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းဆုံနေရာသို့ ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ရီမုမိုင်း သုံးလုံးကို တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အန္တရာယ်မရှိစေရေး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း၏ ပင်မစာသင်ဆောင်မှလည်းကောင်း၊ လမ်း၏ ညာဘက်ခြမ်း မီတာ ၃၀ ခန့်အကွာ လူနေအိမ်များမှ အကာအကွယ်ယူ၍ လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်း မီးငြိမ်းသတ်ကြစဉ်။



မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများကို တွေ့ရစဉ်။

ပြန်လည်ပစ်ခတ်ခဲ့ပြီး အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ မိုးမောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းဝင်း အတွင်းရှိ သစ်ပင်တွင် ကပ်၍ထောင်ထားသည့် ဒေသန္တရလက်လုပ် ရီမုမိုင်းတစ်လုံးကို ထပ်မံတွေ့သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက်ရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ လည်းကောင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအတွင်း၌ လည်းကောင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် လူနေအိမ်နှင့် စာသင်ကျောင်းများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှု



မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းရှိ သစ်ပင်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းကို တွေ့ရစဉ်။

လုပ်ရပ် ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ဒေသအတွင်း လှုပ်ရှားသွားလာလျက်ရှိသည့် ဒေသခံပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေစကြိုမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဇေယျသိမ်ကျောင်းတိုက်မှ ဆရာတော် ဦးအာစာရ(၄၂)နှစ်၊ ဝါတော် ၂၃ ဝါ အား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက် ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာ ရေစကြို–ပခုက္ကူ ကားလမ်း၏ အနောက်ဘက်ရှိ မေတ္တာရှင်လူမှုကူညီရေးအသင်းရုံးသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား(စိစစ်ဆဲ) ရောက်ရှိလာပြီး အဆိုပါရုံးတွင် မေတ္တာရှင်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ သီတင်းသုံးနေထိုင်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဇေယျသိမ်ကျောင်းတိုက်မှ ဆရာတော်ဦးအာစာရ(၄၂)နှစ်၊ ဝါတော် ၂၃ ဝါ (ဘ)ဦးလှဝင်းအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဆရာတော် ဦးအာစာရတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း





PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့သည့် ဆရာတော် ဦးအာစာရ။

သံဃာတော် ၅၉ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်မှ ဆရာတော် ဦးအာစာရအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ် သတ်ဖြတ်သွားခဲ့သူ အကြမ်းဖက် သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရှားနှင့် လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီတွင် ရှားမြို့နယ် မြို့ကြီးကျေးရွာရှိ စစ်ဆေးရေးဂိတ်တွင် AD Van အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းစိမ်း ၁၁ ဒသမ ၁ ကီလိုကို လည်းကောင်း။

နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လွိုင်လင်–တောင်ကြီးသွား ကားလမ်းတွင် Express အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် သန်းသန်းအောင် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးရှိ အိုက်စ် ၁၀ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် (ဝဲပုံ) ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်း ရန်ကွာ စိတ်ချမ်းသာ

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံး ပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေရင်အေးကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ သုစိတ္တာ လင်္ကာရ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံကျောင်းတိုက်




တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဣစ္ဆာသယ (ခ)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီ ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အေးချမ်းမြေ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ရောင်းချပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ စီစဉ်မှုဖြင့် အရည်အသွေးမီ စားအုန်းဆီများကို နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် ယနေ့နံနက်ပိုင်းက ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် လာရောက်ရောင်းချပေးသည်။



အဆိုပါ စားအုန်းဆီများကို စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ်ကာ Diamond Dragon Co.,Ltd မှ အရည်အသွေးမီ စားအုန်းဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၀၆၅ ဦးအတွက် စုစုပေါင်း ၁၀၆၅ ပိဿာကို ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် အခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများအတွက်လည်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ် ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**သင့်ကျန်းမာရေးအတွက် နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ**

---


# ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ နေပြည်တော်တွင် အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံ၊ စိတ်ချမ်းချမ်းသာသာဖြင့် မိသားစုအလိုက် တစုတဝေးနေလိုသူများအတွက် အဆင်သင့်နေထိုင်နိုင်သော တိုက်အိမ်အသစ်ကြီးရောင်းမည်။
နေပြည်တော်၊ ကျောက်မျက်ဇုန်၊ ဟိုတယ်ဇုန်၊ ရွှေပြည်တော်ဝင်လမ်းအနီး၊ ကြေးမုံဆေးရုံအနီး၊ ဝေဒလမ်းမကြီးပေါ်၊ အရှေ့အလှည့်၊ မြေအကျယ်(120' x 120')၊ Sqft 8000 နီးပါး၊ 2ထပ် RC တိုက်အသစ်၊ တစ်အိမ်လုံး ကျွန်းအပြည့်သုံးထား၊ ကျွန်းပါကေး၊ ကျွန်းမျက်နှာကျက်၊ Master Bedroom (၅)ခန်း၊ ဧည့်ခန်းကျယ်(၂)ခန်း၊ Aircon (၁၁)လုံး၊ ဝန်ထမ်းနေရန်အိမ်(16'x 28' 6'') အကျယ် ၂ ထပ်အိမ်(၁)လုံး၊ ကား(၆)စီးဆံ့ ကားဂိုထောင်၊ ဂါလန်(၁၆၀၀)ဆံ့ ရေစင်၊ ရှေ့ခြံစည်းရိုး(12' အမြင့်)၊ ပေ ၃၀ အကျယ်ခြံအဝင်လမ်း၊ ပတ်ဝန်းကျင်ကောင်း၍ မိသားစုများများ နေထိုင်ရန် အထူးသင့်လျော်ပါသည်။ ဂရန်မြေ၊ ခြံရှေ့တွင် မြေကွက်လပ်အကျယ် (100' x120') အပို ပါရှိပါသည်။

**ကျပ်သိန်း (၁၅၀၀၀) (ညှိနှိုင်း)**

၂။ သန်လျင် အမှတ်(၂)တံတားထိပ်၊ ကုလားဝဲရွာထဲရှိ မြေအကျယ် (20'x50')မြေကွက်များ ရောင်းရန်ရှိသည်။ ခြံခတ်ပြီး၊ ကိုယ်ပိုင်ကွန်ကရစ်လမ်းကျယ်ခင်းထားသည်။

**၁ ကွက်- ကျပ်သိန်း(၂၅၀)**

၃။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ မြေအကျယ်(၁၀၀' x ၁၀၀')၊ တစ်ထပ်တိုက် (၁) လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး၊ အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် နေလိုသူများအတွက်။

**ကျပ်သိန်း (၉၅၀)**

**ဖုန်း-09-5178979, 09-451146685, 09-43022828, 09-43292929, 09-776187674**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၄၄၉၊ ၁၄၅၀)၊ ဧရိယာ ဝဒသမ၁၁ဝဧကရှိ ဦးသောင်းရွှေ၊ ဦးမျိုးဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မူမူမြင့် ၃/ကကရ(နိုင်)၀၃၉၆၆၆မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံ ကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကွက်သစ်မောင်မောင် ၉/မခန(နိုင်)၂၄၇၅၃၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၂၂၆၂၅၂၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/12734, Adixin 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၉/အမရ(နိုင်)၁၀၄၇၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၁၀)၊ အနောက်မြို့ပတ်လမ်းနေ ကျွန်တော် မောင်ငြိမ်းချမ်း(ခ)ကျော်ကျော်ခိုင်၏ဇနီးဖြစ်သူ မချစ်ချစ်ဇော် ၉/မထလ(နိုင်)၃၂၀၉၉၂သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ တရားဝင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ငြိမ်းချမ်း(ခ)ကျော်ကျော်ခိုင် ၁၃/တကန(နိုင်)၁၅၁၆၆၇**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆားတလင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၈၂^က)၊ ကွင်းအမည်- ဆားတလင်းကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ် (၈^ဓ)၊ ဧရိယာ (၃.၁၅)ဧက ရှိ ဦးစိုးလှိုင် (၁၂/လကန (နိုင်) ၀၆၆၅၄၀) အမည်ပေါက် ပုံစံ-၇ လယ်မြေကွက်နှင့် ဦးပိုင်လုပ်ကွက်အမှတ် (၈/၄)၊ ဧရိယာ (၀.၈၃)ဧက ရှိ ဦးစိုးလှိုင် (၁၂/လကန (နိုင်) ၀၆၆၅၄၀)အမည်ပေါက် ပြေစာ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိုးလှိုင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာအိမ်ရာ၊ အခန်းအမှတ် (၅၀၆)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးသီဟ (၁၂/အလန (နိုင်) ၀၇၈၈၀၄)(CHR-၀၄၂၈၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပခုက္ကူတက္ကသိုလ်
## ပခုက္ကူတက္ကသိုလ် နေ့သင်တန်း (၁၈)ကြိမ်မြောက်နှင့် အဝေးသင်သင်တန်း၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပခုက္ကူတက္ကသိုလ်က ကျင်းပခဲ့သော (နေ့သင်တန်း) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများသည် နေ့သင်တန်း(၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် (အဝေးသင်သင်တန်း) ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၀ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၂၂ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လတို့တွင် ကျင်းပခဲ့သော) စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများသည် အဝေးသင် သင်တန်းပထမအကြိမ် ဘွဲ့နှင်းသဘင်တို့တွင် တက်ရောက်ဘွဲ့ယူရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | ၁၅၀၀၀/(ကျပ်တစ်သောင့်ငါးရာတိတိ) |
| အဝေးရောက်ဘွဲ့ကြေး | ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | (၁၄-၁၁-၂၀၂၂ရက်မှ ၁၃-၁၂-၂၀၂၂ရက်ထိ) |

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို နေ့သင်တန်းကျောင်းသား/ကျောင်းသူများသည် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ အဝေးသင်ကျောင်းသား/ကျောင်းသူများသည် အဝေးသင်ဌာနတို့တွင် ရယူ၍ လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော (၂ x ၁ ၃/၂) ဓာတ်ပုံ (၃)ပုံနှင့်အတူ ပူးတွဲ၍ ပြည့်စုံစွာဖြည့်စွက်လျှောက်ထားကြရမည်။

၂။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်ဖြစ်ပါသည်။ အချိန်မီလျှောက်ထားခြင်းမပြုလျှင် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ရမည်မဟုတ်ပါ။

၃။ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူနှစ်မျိုးလုံး တင်ပြနိုင်မှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အဆိုပါ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာ ဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်းမပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ၁၆-၁၂-၂၀၂၂ရက်တွင် ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းများတွင် ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ အဝေးသင်ဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ပခုက္ကူတက္ကသိုလ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7565, Mitsubishi Canter FE 83 EEY /Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါထွန်း ၆/ကစန(နိုင်)၀၅၀၃၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ၊ရွာသာကြီး(ရန်ကုန်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်အမာကြူ ၁၂/မဘန(နိုင်)၀၅၃၇၄၅ (ဘ)ဦးဘခင်အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၄၂၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၇၀/၂၀၂၂ (၁၉-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသောင်းကျော် ၁၂/မဂဒ(နိုင်)၀၁၇၁၃၃(ဘ)ဦးလှကျော်ဖြူမှ ဒေါ်ရည်မွန်ကျော် ၉/ပမန(နိုင်)၂၃၈၃၃၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ စံပယ်လမ်း၊ ယခင်အကွက်အမှတ် (၅-က)၊ ယခုအကွက်အမှတ် (၄၅/အေးရိပ်ငြိမ်)၊ မြေကွက်အမှတ် ၂၈၆၊ အလျား(၆၀)၊ အနံ(၄၀)ပေရှိ မြေကွက်နှင့် အကွက်အမှတ်(၅-က) ၄၅/အေးရိပ်ငြိမ်၊ မြေကွက်အမှတ် ၁၉၇+၁၉၈+၁၉၉+၂၀၀၊ ဧရိယာ(၀.၂၂၀)ဧကအကျယ်အဝန်းရှိ မြေကွက်(၄)ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂ထပ်/၃ထပ်) အဆောက်အအုံ(၂)ဆောင်၊ (လက်ရှိတွင် ပုလဲကေရီတည်းခိုခန်းဖွင့်လှစ်ထားသော) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ကွယ်လွန်သွားကြပြီဖြစ်သော ဦးတင်မြင့်၊ ဒေါ်စန်းစန်းအေးတို့ပိုင်ဆိုင်ခဲ့သည့် မြေကွက်နှင့် အဆောက်အအုံများဖြစ်ပါကြောင်း၊ ၎င်းတို့၏ အမွေခံသားရင်း၊ သမီးရင်းများဖြစ်ကြသော ဒေါ်အေးအေးခိုင်၊ ဒေါ်အေးအေးမြိုင်၊ ဦးမျိုးစည်သူတို့အနေဖြင့် အဆိုပါ ပစ္စည်းများနှင့်စပ်လျဉ်း၍ ယနေ့အချိန် အမွေခွဲဝေရယူခြင်းမရှိသေးသော အမွေဆိုင်ပစ္စည်းများအဖြစ် တည်ရှိလျက်ရှိနေပါသေးကြောင်း မိဘများမကွယ်လွန်မီကလည်း မည်သည့်သူတစိမ်း၊ သားသမီးတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်း၊ ပေးကမ်း၊ ရောင်းချထားခြင်းမရှိပါကြောင်း၊ အမွေဆိုင်မောင်နှမများ ခွဲဝေရယူခြင်းမရှိသေးသော အထက်ပါ မြေနှင့်အဆောက်အအုံများကို အမွေဆိုင်မောင်နှမ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒအရလည်းကောင်း လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်းသည် တရားမဝင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျိုးစည်သူ**
**၆/ကသန(နိုင်)၀၃၃၁၈၂**
**အမှတ်(၄၃၄)၊ မဥ္ဇူသကလမ်း၊**
**အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့**

## မိဘအမည်မှန်

တပ်ကုန်းမြို့နယ် အထက ကင်းသာမှ မောင်စောကိုကိုထူး၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဝင်း ၉/တကန(နိုင်)၁၉၄၉၈၇ နှင့် ဒေါ်ရီဝင်း ၉/တကန(နိုင်)၁၉၅၀၂၅ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း-ဒေါ်ရီဝင်း**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက၊ အင်းမ ဒသမတန်း(စနစ်သစ်) (က)မှ မချော ရတနာထက်၏ ဖခင်အမည်မှန်မှာ ဦးစိုးထက်အောင် ၁၄/ဝခမ(နိုင်)၁၅၇၇၉၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက (၂) Grade -10၊ အခန်း (၃)မှ (ဘ)ဦးသန်းစိုး ၁၁/ပတန(နိုင်)၀၁၀၂၂၉၏သမီး မရွှေဇင်ခိုင်အား မယုဝတီစိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မယုဝတီစိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ ဒူးယားမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးမောင်ငွေ ၏ သားမောင်ရှင်းသန့်ငွေစိုး ၁၄/ဟသတ(နိုင်)၃၆၇၄၃၉ တက္ကသိုလ်ဝင်တန်း၏အမည်မှာ မောင်အောင်ခေတ်မင်း ဖြစ်ပါကြောင်း။

**မောင်ရှင်းသန့်ငွေစိုး(ခ)မောင်အောင်ခေတ်မင်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/3614 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ
## ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၁

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ရီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်သိန်း) | နှင့် | ၁။ ဦးမောင်ချို |
| ၂။ ဒေါ်ခင်ခင်အေး | | ၂။ ဒေါ်မြင့်မြင့်အေး |
| ၃။ ဒေါ်သန်းသန်းဝင်း | | ၃။ ဦးငြိမ်းချမ်းကို |
| ၄။ ဒေါ်အေးအေးမြင့် | | ၄။ မထွန်းအိန္ဒြာမို့မို့ |
| ၅။ ဦးမျိုးမင်းထွဋ် | | ၅။ ဒေါ်အမာကြည် |
| ၆။ မခိုင်ဇင်ထွဋ် | | ၆။ ဦးဟာဒွန် |
| ၇။ ကိုနိုင်လင်း | | ၇။ ဦးမူဆာ |
| ၈။ မခင်ခင်သီ | | ၈။ ဒေါ်မိချို |
| ၉။ ဒေါ်သန်းသန်းမြင့် | | ၉။ ဒေါ်မိခိုင် |
| | | ၁၀။ ဦးအလီ |
| | | ၁၁။ ဦးဂနီ |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

မအူပင်ခရိုင်တရားရုံး၊တရားမ ပြင်ဆင်မှုအမှတ် ၅/၂၀၂၁၏ ၂၀၂၂ခုနှစ်ဇန်နဝါရီလ ၂၀ရက်စွဲပါ အမိန့်နှင့် ထုံးပုံကျကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါ အမှုမှ လျှောက်ထားခံရသူ(၅)ဒေါ်အမာကြည်၊လျှောက်ထားခံရသူ(၆)ဦးဟာဒွန် ၊ လျှောက်ထား ခံရသူ(၇)ဦးမူဆာ၊လျှောက်ထားခံရသူ(၁၀)ဦး အလီတို့မှာ အမှတ်(၂၆၆)၊ရန်ကြီးအောင်လမ်း၊လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မအူပင်ခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်နှင့် ထုံးပုံကျ အမိန့်ကို ဒေါ်ခင်ရီ ပါ-၉(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်သိန်း)မှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ရက်(၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆို လိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ချိုထက်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၉(ခ) ဖန်းစုံကွင်း၊ ဦးပိုင်အမှတ် (၉၅/၁)၊ မြေဧရိယာ ၀ဒသမ၁၆ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၁၁-၈-၂၀၂၂ရက်စွဲပါစာအမှတ် ၆၈၈၈/၂၀၀(၃)/၉-၁/အဖရ (တနင်္သာရီ)အရ လူနေအိမ်ရာမြေအဖြစ် အသုံးပြုရန် ဒေါ်ငွေးမူအား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က) ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်အသစ်လျှောက်ထားနိုင်ရေး ဒေါ်ငွေးမူ ၆/မအရ(နိုင်)၀၂၂၆၅၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ပေါင်းလောင်း(၂)ရပ်ကွက်၊ တိုးချဲ့ ၁၈ လမ်းရှိ မြေကွက်အမှတ် ၈၁၁ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ ၀ဒသမ ၅၅ ဧကရှိ အိမ်ဝိုင်းခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးထွန်းရှိန် Bu-09664တရားဝင် အမည်ပေါက်မှ ဒေါ်ခင်လှကျင်(ဘ)ဦးလှတင် ၉/ပမန(နိုင်)၀၁၃၃၉၃ ထံသို့ ရောင်းချထားပြီး၊ ဒေါ်ခင်လှကျင်(ဘ)ဦးလှတင် ၉/ပမန(နိုင်)၀၁၃၃၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စုဝေ (ဘ)ဦးဖိုးငွေ ၉/ပမန(နိုင်)၂၉၈၆၉၇ က ဝယ်ယူရန်အတွက် နှစ်ဖက်သဘောအရ ပဋိညာဉ်ပြုလုပ်ထားပြီး ကျွန်မ ဒေါ်ခင်စုဝေက ဒေါ်ခင်လှကျင်ထံသို့ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသောကြောင့် အထက်ပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများပြသ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဇင်ဝင့်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၄၂၃)(၁၈-၃-၂၀၁၃)**
**အမှတ်(၁/၁၁၉)၊ ဘဲကုန်း(မ)ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၇၂၈၈၉၉၅၃၅**

## ဦးထွန်းနိုင်ဝင်း(၇/ပခန(နိုင်)၂၈၆၇၆၅)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မင်းသန့် ၁၂/ဒဂမ(နိုင်)၀၁၈၁၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းနိုင်ဝင်း ၇/ပခန(နိုင်)၂၈၆၇၆၅ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးထွန်းနိုင်ဝင်း ၇/ပခန(နိုင်)၂၈၆၇၆၅ တို့သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးတော်၌ ကွာရှင်းမှတ်ပုံတင်အမှတ် (၆၇/၂၀၂၂)ဖြင့် ၉-၅-၂၀၂၂ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဦးထွန်းနိုင်ဝင်းမှ ကျွန်ုပ်၏မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေမည့် ဆိုရှယ်မီဒီယာနှင့် လူမှုကွန်ရက်တွင်လည်းကောင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌လည်းကောင်း သွားပုတ်လေလွင့်ပြောဆိုနှောင့်ယှက်ခြင်း စကားလုံးများအား ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယဉ်မင်းသန့်** | **ဒေါ်မြတ်ဆုထွန်း** |
| **၁၂/ဒဂမ(နိုင်)၀၁၈၁၃၁** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၄၉၀၄၆)** |

**အမှတ်(၇၄၉)၊သဉ္ဇာလမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၂၉၅၇၃၄၊ ၀၉-၇၉၅၆၂၉၀၁၅**

## Padaethar Wai Phyar Company Limited
## ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇(က)အရ ကုမ္ပဏီ၏စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ် နိုင်ဝင်ဘာ ၂၁ရက် နံနက် ၁၀နာရီတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ နန့်မဖြတ်ရပ်ကွက်၊ အမှတ် (၂၆/က+၂၃)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | |
|---|---|
| ဒေါ်လှလှသက် | ဦးမျိုးဟိန်း |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ MAIP (00074) |
| Padaethar Wai Phyar Co.,Ltd. | (ဖျက်သိမ်းဆဲ) |
| | Padaethar Wai Phyar Co.,Ltd. |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၃၈၈၁, Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ရွှေ ၁၄/မအန(နိုင်) ၁၆၈၀၄၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7432, Mitsubishi CAnter FE659G ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်းနိုင်းအောင် ၉/ဇယသ(နိုင်)၀၀၄၇၂၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/2908, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါခင် ၁၄/ဘကလ(နိုင်)၁၉၅၇၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37552, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၁၄/ဘကလ(နိုင်)၂၅၀၇၇၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/3621, Toyota Hiace TRH 223L ယာဉ်လက်ဝယ်ရှိသူ Forever Group Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်ရုံး)**

## အမည်ပြောင်း

ဦးအောင်ချမ်းသာ ၈/မဘန(နိုင်)၁၀၇၅၂၁ ၏သား မင်းဘူးမြို့၊အမက (သီရိမင်္ဂလာ)ကျောင်းKG မှ မောင်ကောင်းဆက်ဟန်အား မောင်ကောင်းဆက်နိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းဆက်နိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးမာ ၅/ယမပ(နိုင်)၁၂၅၉၄၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၆၇၂၀၀၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မိုး ၅/ခဥန(နိုင်)၁၀၉၁၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၉၆၅၄၄၅၆၄၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နိုင်ဇော်ဦး ၅/ကနန(နိုင်)၁၀၆၅၆၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၅၀၄၂၅၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်မျိုး ၅/ယမပ(နိုင်)၀၅၀၁၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၀၂၀၅၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းခန့်ဇော် ၅/မရန(နိုင်)၂၄၅၆၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၁၇၈၇၄၂**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂) တိုးချဲ့ (အေးသာယာ)ရပ်ကွက်၊ ဗဟို ၃၅လမ်းရှိ ဦးမင်းကျော်သန်း အမည်ပေါက်၊ အလျား၊ အနံပေ (၄၀x၆၀) ရှိသည့် အိမ်ရာမြေချထားသည့် မြေကွက်အမှတ် (K-67) မြေကွက်ကို လက်ရောက် အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ (K-67)ဟုခေါ်တွင်သော မြေကွက်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးကျော်မြင့် ၁၃/တကန(နိုင်)၀၁၀၁၆၆ထံမှ နော်ဝင်းဝင်းထက် ၁၄/ကလန(နိုင်)၁၈၆၂၉၉က မြေကွက်အမှတ် (K-66)နှင့် ကပ်လျက်ဘက်ခြမ်းရှိ ပေ (၂၀x၆၀) ရှိသည့် မြေကွက်အမှတ် (K-67) မြေကွက်နှင့် ဒေါ်မေမေခင် ၁၂/မဂတ(နိုင်)၀၁၂၇၈၃က မြေကွက်အမှတ် (K-68)နှင့် ကပ်လျက်ဘက်ခြမ်းရှိ ပေ (၂၀x၆၀) မြေကွက်အမှတ်(K-67)မြေကွက်တို့ကိုခွဲဝေ၍လက်ရောက်ဝယ်ယူကြပြီးဖြစ်ပါသဖြင့် ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃/၂၀၁၂)**
**"Practice Lawyer" Law Group**
**ရုံးခန်း-တိုက် B-1၊ အခန်း ၁၀၂၊ ပထမထပ်၊ ဗညားဒလမ်း၊ ယုဇနပလာဇာအနီး၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**Facebook:land lawyer1**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရေဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းနေ(ဦးစန်းကြည်)နှင့် ဒေါ်ခင်စန်းဝင်း ၁၄/ပတန(နိုင်)၀၀၇၄၉၃ တို့၏သား မောင်ဖြိုးဝေယံ ၁၄/ပတန(နိုင်)၁၇၅၂၇၂သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘဆွေမျိုးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်လုပ်ဆောင်ပြီး ၎င်းဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်စန်းဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ ၁၈လမ်းနေ မောင်ချစ်မင်းဆွေ ၈/ပခက(နိုင်)၂၉၀၉၄၃ ၏ဖခင် ဦးဖိုးချစ် (ခ)ဦးဘိုးချစ် ၈/ပခက(နိုင်) ၁၉၀၃၀၀ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးဖိုးချစ်(ခ)ဦးဘိုးချစ်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်အေးရွှေ ၁၂/ရကန(နိုင်)၀၅၂၈၁၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၂၉၆၄၂၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9771၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8934 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၉/တသန(နိုင်)၁၄၉၃၄၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37556, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းဇော် ၁၄/မမက(နိုင်)၁၆၃၀၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 40W/13091, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွယ် ၁၃/တကန(နိုင်)၁၈၇၈၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 56W/1413, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းထွန်း ၁၃/တကန(နိုင်) ၁၇၀၅၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 31W/65326 ယာဉ်လက်ဝယ်ရှိသူ ဦးပေါလူ ၂/ဒမဆ(နိုင်)၀၀၇၂၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက် ဖော် ပြပါရုံးသို့လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှ စတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ ပို့ဆောင် ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက်
# ဧရာဝတီတိုင်းဒေသကြီး
# ပုသိမ်မြို့
# လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ်(၆၆/၄)အနီး ကွင်းအမှတ်(၃၈၅/A)ဆူးပဒေါင်းမြောက်တွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မန်းရတနာကျော်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထက်ရောဓာတ်မြေဩဇာ(အရော)စက်ရုံ၊ စက်ပစ္စည်းများ၊ အဆောက်အအုံများ၊ ဓာတ်မြေဩဇာထုတ်လုပ်/ရောင်းချ/ဖြန့်ဖြူးခွင့်လုပ်ငန်းဆိုင်ရာအဝဝကို မျက်မြင်မြေပြင်ရှိ အနေအထားအတိုင်း (အိတ်ပိတ်လေလံ)စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့် ထက်ရောဓာတ်မြေဩဇာ(အရော)စက်ရုံအပါအဝင် အဆောက်အအုံနှင့်ဆက်စပ်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) စက်ရုံပိုင်(စက်မှုဂရန်မြေ) (၂ ဒသမ ၆၇)ဧကနှင့် အဆောက်အအုံ(၅)လုံး
  - (၁) မြေဩဇာစက်ရုံ(၁)လုံးနှင့် ပရိဘောဂပစ္စည်းများ
  - (၂) မြေဩဇာနှင့် လယ်ယာသုံးစက်ပစ္စည်းအရောင်းပြခန်း(၁)ခန်း
  - (၃) သင်တန်းခန်းမ အဆောက်အအုံ(၁)လုံး
  - (၄) နှစ်ထပ်လူနေဆောင်(၁)လုံး
  - (၅) သိုလှောင်ရုံ(၁)လုံး
- (ခ) မြေဩဇာအရောစက် (၂)လုံးနှင့် ဆက်စပ်ပစ္စည်းများ
- (ဂ) Dongfeng Cumnins အမျိုးအစား ဒီဇယ်သုံး (၆၂ ဒသမ ၅)KVA လျှပ်စစ်ဓာတ်အားပေးစက် (၁)လုံးနှင့် မီးစက်ရုံ(၁)ခု
- (ဃ) (၁၆၀)KVA လျှပ်စစ်ထရန်စဖော်မာ (၁)လုံးနှင့် ဆက်စပ်ပစ္စည်းများ
- (င) (၂၁)ပေ အမြင့်ရှိ သံရေစင်နှင့် (၂)လက်မစက်ရေတွင်း(၁)ခု
- (စ) မြေနမူနာ ဓာတ်ခွဲစမ်းသပ်ခန်းနှင့် ဆက်စပ်ပစ္စည်းများ

**လေလံတင်ရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၂၂ ရက်မှ ၂၈-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၈-၁၁-၂၀၂၂ ရက်၊ (၁၆:၀၀)နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - ၁။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်
ရွှေစေတီလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့၊
၂။ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်
ရန်ကုန်-မန္တလေးကားလမ်းဟောင်း(၇၈)လမ်းနှင့်
မဟာမြတ်မုနိဘုရားကြီးအရှေ့ဘက်မုခ်ဦးလမ်း၊
ရတနာပူရပြတိုက်။ ဖုန်း-၀၉-၂၀၀၄၁၃၂
၃။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်
ရန်ကုန်ရုံးခွဲ၊ တိုက်( ၂၆၂/ ၂၈၆)၊ အခန်း(၈)
ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၉၃၄၇၁၇၅

၃။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာပိတ်သိမ်းမည့်ရက် (၂၈-၁၁-၂၀၂၂)ရက်၊ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်တွင် ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသောဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ လေလံလျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ ၂၉-၁၁-၂၀၂၂ ရက်၊ (၁၀း၀၀)နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို စက်ရုံတည်ရှိရာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ်(၆၆/၄)၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်ရှိ ထက်ရောဓာတ်မြေဩဇာ(အရော)စက်ရုံအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | |
|---|---|
| 09-777737105 | 09-43170976 |
| 09-5202179 | 09-8550587 |
| 09-422477604 | 09-451238269 |
| 09-5201419 | |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ဖခင်အမည်မှန်

အောင်ထူးထက် ကိုယ်ပိုင်အထက်တန်းကျောင်း ဒဂုံ(တ)မြို့နယ်၊ Grade-7 မှ မောင်ချစ်မြတ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးလေး ၆/ကသန(နိုင်) ၀၇၀၀၇၅ဖြစ်ပါသည်။

**ဦးစိုးလေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/1731 ANBO DREAM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြကေခိုင် ၇/ပမန(နိုင်)၁၉၉၉၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွံဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/18417 HONDA DREAM 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထက် ၇/အဖန(နိုင်)၀၉၆၈၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## အမှားပြင်ဆင်ချက်

မဟာအောင်မြေ ခရိုင်တရားရုံး၊ တရားမအထွေထွေမှု အမှတ် ၃၉/၂၀၂၂တွင် မခိုင်ထိပ်ထားဦး၏ ၁၀-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သူ ဦးဘသိုက်၏ ကျန်ရစ်သော ပစ္စည်းများတွင် ဟုဆိုရာ၌ ဦးဘသိုက်အစား ဦးအေးချို၏ ကျန်ရစ်သောပစ္စည်းများဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

**သွေးသည် အသက်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ သုမင်္ဂလာလမ်း၊ တိုက်အမှတ်(T-1)၊ အခန်း (၁၀၂) နေ ဦးသိန်းဟန် ၁၂/သဃက(နိုင်)၀၁၂၄၉၅မှ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ သုမင်္ဂလာလမ်း၊ တိုက်အမှတ်(T-1) ၊ အခန်း(၁၀၂)တွင်နေထိုင်သူ ဦးသိန်းဟန် ၁၂/သဃက(နိုင်) ၀၁၂၄၉၅ မှ ဦးဝင်းအောင် ၁၀/မဒန(နိုင်)၀၁၁၀၇၂ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ တိုက်(၆)၊ အခန်း(၁၀၂)၊ (၂၅x၂၅)ပေ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၁၁-၁၂-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် ငွေအကျေပေးချေခြင်း ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ထိုသို့ဝယ်ယူပြီးနောက် ယင်းတိုက်ခန်းကို လက်ရောက်ရယူပြီးနောက် ယနေ့တိုင် ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ပိုင်ဆိုင်ပြီးနောက် ယင်းတိုက်ခန်းကို ဦးသိန်းဟန်မှနေ၍ ဒေါ်ခင်သန်းဆင့် ၁၂/ကမတ(နိုင်)၀၆၁၂၇၈ကို ယနေ့တိုင် အငှားချထားပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းကို ဦးဝင်းအောင် တူမဆိုသူမှ ရောင်းချရန် စီမံနေကြောင်း သိရှိရပါ သည်။

အဆိုပါတိုက်ခန်းသည် ဦးသိန်းဟန်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးယနေ့တိုင် လက်ရောက်ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်သည့်အတွက် ယင်းတိုက်ခန်းအား ဦးသိန်းဟန် သိရှိခြင်းမရှိဘဲ သို့မဟုတ် ဦးသိန်းဟန်ထံမှ တရားဝင်တစ်စုံတစ်ရာခွင့်ပြုချက်မရှိဘဲ ယင်းတိုက်ခန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ ပြုလုပ်သူကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဇေ(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၇/၂၀၀၇)**
**တိုက်(၂၆/၄)၊ အခန်း(၁၀၂)၊ သုနန္ဒာ(၁)လမ်း၊**
**သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၆၃၁၂၀၊ ၀၉-၄၄၃၀၀၄၅၉၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ တွင်းငယ်ကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးမနော(သ်) ၉/ပဥလ(နိုင်)၀၁၈၀၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ တွင်းငယ်ကျေးရွာ၊ ဧရိယာ (၄၈x၁၉၀)ပေအကျယ်ရှိ အရှေ့လားသော်-ဦးဖိုးသီး မြေကွက်၊ အနောက်လားသော်-ဦးတင်မြမြေကွက်၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-လမ်း နယ်လေးရပ်အတွင်းရှိ မြေကွက်အား လွန်ခဲ့သော ၂၀၁၃ခုနှစ်ခန့်က "အရပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်အထိ လက်ရှိထားပိုင်ဆိုင်ထားပါသည်။ အထက်ပါမြေကွက်အား ၁-၁၁-၂၀၂၂ရက်က ကျွန်ုပ်၏မိတ်ဆွေမှ ပြန်လည်ရောင်းချရန် ဆောင်ရွက်ရာတွင် ၄င်းဝယ်ယူစဉ်က ရရှိချုပ်ဆိုခဲ့သော "အရပ်ကတိစာချုပ်များပျောက်ဆုံးနေပါကြောင်း သိရှိခဲ့ရပါသည်။ အထက်ပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ပေးအပ်ခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း အမွေစားအမွေခံ လွှဲပြောင်းထားခြင်းတို့ လုံးဝ(လုံးဝ)ပြုလုပ်ထားခြင်းမရှိပါကြောင်း၊ ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေမှသာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာရွက် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်ရောင်းချခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးမနော(သ်)** | **ဦးကျော်ဇေယျာ** |
| **ဖုန်း-၀၉-၄၃၁၀၃၈၉၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၁)** |
| | **ဖုန်း-၀၉-၇၉၇၆၁၃၇၁၀** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၃

| | | |
|---|---|---|
| ဦးနိုင်ဦး | နှင့် | တပ်သား ဇော်မြင့်ဦး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဗ-၁၆)၊ ဦးပိုင်အမှတ်(၄-ခ)၊ မြရည်နန္ဒာရပ်ကွက်နေ တပ်သားဇော်မြင့်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးနိုင်ဦးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်ကွက်၊ အကွက်အမှတ်(ဇ-၂၉)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ တပ်သားဇော်မြင့်ဦးအမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၁ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၂

| | | |
|---|---|---|
| ဦးနိုင်ဦး | နှင့် | ဒေါက်တာခင်ဝင်းကြည် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတက္ကသိုလ်၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းနေ ဒေါက်တာခင်ဝင်းကြည်(ကထိက)၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးနိုင်ဦးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၄)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကအကျယ်အဝန်းရှိ ဒေါက်တာခင်ဝင်းကြည်အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၁ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာ၊ ကွင်း/ အကွက်အမှတ် (၆၆၆/ပြင်)၊ ဦးပိုင်အမှတ်(N-၄/၁)၊ မြေဧရိယာ ၀ ဒသမ ၅၅ဧကရှိ မြေမှခွဲ၍ အကွက်အမှတ်(A-3)ဟုခေါ်တွင်သော မြေဧရိယာ ၀ ဒသမ ၀၆၃ဧက နှင့် အကွက်အမှတ်(B-3)ဟုခေါ်တွင်သော မြေဧရိယာ ၀ ဒသမ ၀၆၉ဧကရှိ မြေကွက်တို့နှင့် ၎င်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သိမ့်သိမ့်ဝင်း ၉/မခန(နိုင်)၁၄၈၂၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဖြူဖြူမင်း(စဉ်-၄၀၁၉၄)**
**(အထက်တန်းရှေ့နေ)**
**(LL.B, D.B.L, D.I.L, I.P.Law)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## ဦးမြင့်ဦး (ဘ) ဦးကျော်လွင် ၉/ပသက(နိုင်)၀၇၃၉၂၉နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်ခင်ကြည် (ဘ) ဦးတင်ဦး ၉/ပသက(နိုင်)၀၅၇၅၂၉နှင့် ခင်ပွန်းဖြစ်သူ ဦးမြင့်ဦးတို့သည် လွန်ခဲ့သော ၁၂-၁၀-၂၀၁၀ရက်က ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းအုပ်စု၊ ရွှေစုကျေးရွာတွင် ခင်ပွန်းဖြစ်သူ ဦးမြင့်ဦးမှ ဇနီးဖြစ်သူ ကျွန်မ ဒေါ်ခင်ကြည်အပေါ် အရှုပ်အရှင်းကင်းစွာဖြင့် ရာသက်ပန်ရိုးမြေကျ ပေါင်းသင်း ဆက်ဆံနေထိုင်သွားပါမည်ဟု ဝန်ခံကတိစာချုပ် ချုပ်ဆို၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ယခုအခါ ဦးမြင့်ဦးသည် ၎င်း၏သဘောဆန္ဒအတိုင်း အိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးမြင့်ဦးသည် ကြေညာသူ ကျွန်မဒေါ်ခင်ကြည်နှင့် မသက်ဆိုင်တော့ပါကြောင်း လက်ထက်ပွားပစ္စည်းများသည်လည်း ဦးမြင့်ဦးနှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးမြင့်ဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်ကြည်**
**ရွှေစုကျေးရွာ၊ ရှင်တော်ကုန်းအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊မန္တလေးတိုင်းဒေသကြီး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုရန် လိုအပ်သော ဘိလပ်မြေများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 026/DHPI/Cement/2022-2023 | At Site |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၂၂ ရက်၊ သောကြာနေ့
၃။ **တင်ဒါရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
၄။ **တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၉-၁၁-၂၀၂၂ ရက်၊ အင်္ဂါနေ့၊ မွန်းတည့် ၁၂:၀၀နာရီမတိုင်မီ တင်သွင်းရမည်။
၅။ **တင်ဒါရောင်းချ/တင်သွင်းရမည့် နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင် ၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ ရေယာဉ်(၂)စီးနှင့်ဆီတွဲ(၄)တွဲတို့အား ၂၅-၁၁-၂၀၂၂ ရက်တွင် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ လိပ်မူပါဌာန၊ ရုံးအမှတ်(၄၄)တွင် အဆိုပြုလွှာ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ရေယာဉ်/တွဲ | အရေအတွက် | တင်ဒါပိတ်ချိန် | တင်ဒါဖွင့်ချိန် | တည်ရှိသည့်နေရာ |
|---|---|---|---|---|---|
| (က) | ရေယာဉ်(၁)ကြံ(၅)<br>(၂) ဆင်ပြောင်(၁၆) | ၂ စီး | ၁၂:၀၀ | ၁၄:၀၀ | မန်းသံပရာကန်<br>အခြေစိုက်စခန်း<br>အထက်မင်းလှမြို့နယ်၊<br>မကွေးတိုင်းဒေသကြီး |
| (ခ) | တွဲ (၁) ဆ-၆၀၅၉<br>(၂) ဆ-၇၀၂၁<br>(၃) ဆ-၇၀၂၂<br>(၄) ဆ-၆၀၆၄ | ၄ တွဲ | | | |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၀)ရက် ကြိုတင်၍ ဤလုပ်ငန်း၊ ရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်နှင့် အမှတ်(၇/က)သံလျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၄၂၂၉၉၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အမှတ်(၁၂၇)နေ ဒေါ်သီတာစမ်း ၉/မမန(နိုင်) ၀၂၃၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။-

၇-၁၂-၂၀၀၇ ရက်က ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်ထွေး ၉/မမန(နိုင်)၀၁၅၈၈၇ က ပြင်ဦးလွင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် နံပါတ်(၇၄၁/၂၀၀၇)ဖြင့် အထွေထွေကိုယ်စားလှယ်စာ(၁)လွှဲပေးထားပြီး ၉-၄-၂၀၁၈ ရက်တွင် ဦးခင်မောင်ထွေးသည် သေဆုံးသွားပါသဖြင့် ၎င်းလွှဲပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာမှာ ပျက်ပြယ်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝင့်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၉၇၅(၁၀-၄-၂၀၁၃)**
**သန့်ရှင်းသူအပေါင်း ဘုရားကျောင်းဝင်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၇၉၄၈၁၆၀၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA III/ ကွက်ပြင် - ၃ )၊ ဦးပိုင်အမှတ် (၆၂-ဆ)၊ မြေယာအမှတ် (187/393)၊ မြေဧရိယာ ၀ ဒသမ ၃၁ ဧကရှိ ဂရန်အမှုတွဲအမှတ် (၀၀၄/၁၉၉၅-၉၆)အရ ဦးစိုင်းဆန်ဆမ်၊ ဒေါ်ရွှေရင်တို့အမည်ပေါက် ဂရန်မြေကွက်မှခွဲ၍ မြေဧရိယာ ၀ ဒသမ ၁၂၀ ဧကရှိ အုတ်တံတိုင်းအပြည့်ကာရံထားသော မြေကွက်နှင့် ၎င်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အိမ်မြေနှင့် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄)**
**(အထက်တန်းရှေ့နေ)**
**(LL.B, D.B.L, D.I.L, I.P.Law)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်
## လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၇၃)
## သန်လျင်ခရိုင် တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၁

| | |
|---|---|
| ဒေါ်အေးအေးမော် | **လျှောက်ထားသူ** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သနပ္ပင်ကျေးရွာနေ ဒေါ်အေးအေးမော်က ကွယ်လွန်သူ ဦးအေးကျော်(ဘ)ဦးစိန်မောင်၏ဇနီးဖြစ်သည်ဟူ၍ သန်လျင်မြို့နယ်၊ သနပ္ပင်ကျေးရွာနေ ကွယ်လွန်သူ ဦးအေးကျော် ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံပေးဆပ်ရန် အမွေဆက်ခံခွင့် အက် ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအေးကျော် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ပေးရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အေးအေးမော်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုမြတ်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁

ဒေါ်တိုးတိုးရွှေ **နှင့်** ဦးသန်းထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၉)နေ တရားပြိုင် ဦးသန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တိုးတိုးရွှေက ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်(၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင် သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၈

ဒေါ်မာဆိုင်း **နှင့်** ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ကြည်ကြည်ဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၈–၈/၁၀၀)၊ ထွန်တုံးရပ်ကွက်နေ (ဘ) ဦးရန်ချင်ကွမ်း၏သမီးဖြစ်သူ ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ကြည်ကြည်ဝင်း (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မာဆိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈–၈) ၊ ဦးပိုင်အမှတ်(၁၀၀)၊ ရေိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက်မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စား လှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ–၁၀)၊ ဦးပိုင်အမှတ် (၁၀၂)၊ ရေိယာ ၀ ဒသမ ၀၉၇ ဧက၊ ဗိုလ်မှူးနေဝင်း(ဘ)ဦးပါတွတ် (WTO–၀၀၁၈၇၀) အမည်ပေါက်မြေကွက်ကို စာချုပ်အဆက်ဆက်၊ အထွေထွေကိုယ်စားလှယ်၊ ပိုင်ဆိုင်မှုဂရန်၊ မြေပုံတို့နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှထွေး (ဘ) ဦးကောင်းဆက် ၉/မနတ(နိုင်)၀၀၂၆၂၃ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရေမီတာ၊ မီးမီတာ အဆောက်အအုံတို့ ဆောက်လုပ်ကာ လက်ရှိနေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းနိုင်ဦး B.Sc (Math;),H.G.P**
**အထက်တန်းရှေ့နေ**
**စဉ်–၁၈၅၁၄ (၁၄–၂–၁၉၉၀)**
**ပုသိမ်ကြီးမြို့၊ ဖုန်း–၀၉–၂၀၃၇၃၆၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အဆင့်(၃)သောင်ကြီးခွင် (တောင်ပိုင်း)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၃၄၊ (၆၀x၆၀)ပေအကျယ်အဝန်းရှိ အဆောက်အအုံအမှတ် ၂၂/၅၊ (၂)ထပ်လုံးချင်း အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မေဖလားဝါးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ချင်စုမြန်မာအမည်ဖြင့်မှတ်သားတည်ရှိပြီး၊ ၄င်းကုမ္ပဏီ၏ ၁–၂–၂၀၁၀ ရက်စွဲပါ ဒါရိုက်တာအစည်းအဝေးမှတ်တမ်းအရ ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဦးထွန်းထွန်းဝင်း ၁၃/တခလ(နိုင်)၀၂၈၇၉၅ မှ လက်မှတ်ထိုးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်မာနွယ် (LL.B, D.B.L)** | **ဒေါ်နန်းစုမြတ်နိုးထွဋ် (LL.B)** |
| **(စဉ်–၁၄၂၆၂)** | **(စဉ်–၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊**
**ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း ၀၉–၄၄၅၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉–၄၂၀၂၂၁၁၂**


## စာအုပ်စာပေ လူ့မိတ်ဆွေ


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၄၀

ဦးကျောက်တော်ချင်(ခ)ဦးမောင်မောင် **နှင့်** ဦးလှဆန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုး ရပ်ကွက်နေ ဦးဖိုးထွေး၏သားဖြစ်သူ ဦးလှဆန်း(ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျောက်တော်ချင်(ခ)ဦးမောင်မောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈–၂၈)၊ ဦးပိုင်အမှတ်(၆၉)၊ ရေိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၂ ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၂၉

ဒေါ်နန်းညွှန့်အေး **နှင့်** ဦးကြည်ဟန်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ–၁၁/၈၀)၊ ၅၇ လမ်း၊ ၁၁၂ လမ်းထောင့်၊ ကံသာယာရပ်ကွက်နေ (ဘ)ဦးကျော်မြင့်၏သားဖြစ်သူ ဦးကြည်ဟန် (ယခုနေရပ် လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဒေါ်နန်းညွှန့်အေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ–၁၁)၊ ဦးပိုင်အမှတ်(၈၀)၊ ရေိယာ ၀ ဒသမ ၀၃၁ ဧက အကျယ်အဝန်းရှိ ဦးကြည်ဟန် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်(၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အဝေရာလမ်းသွယ် (၂)နေ ဒေါ်လူရှောက်ရွယ် ၁၃/လရန(နိုင်)၀၉၆၇၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၁၉)၊ အဝေရာလမ်းသွယ် (၂)ရှိ အကွက်အမှတ် (၄၇/ မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ် (၂၂/ခ)၊ မြေချိန်ရေိယာ ၀ ဒသမ ၁၀၆ ဧကရှိ မြေဂရန်အမှုတွဲအမှတ်၅၄–၅/၂၀၀၀–၂၀၀၁ (အေ)အား ကျွန်မ ဒေါ်လူရှောက်ရွယ်မှ လက်ရှိထားနေထိုင်ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လူရှောက်ရွယ်မသိရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းလျှောက်ထား ခြင်းတို့ကို မပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုသဇင်ထွန်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၅၅၉၅/၁၆–၁၂–၂၀၁၀)**
**အမှတ် (၂/၁၄၀)၊ နှင်းငွေရီလမ်း၊ နယ်မြေ (၂)၊ ရပ်ကွက်(၉)၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ်(၁၄၃)၊ ရေိယာ ၁ ဒသမ ၉၁ ဧက အကျယ်အဝန်းရှိ ဒေါ်စုစုလှိုင် အမည်ဖြင့် လယ်ယာမြေဥပဒေပုဒ်မ–၂၉ နှင့် ပုဒ်မ–၃၀ တို့အရ အခြားနည်း အသုံးပြုခွင့်ရရှိထားသည့် မြေနှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စုစုလှိုင် ၅/ကလတ(နိုင်)၀၆၁၆၀၇ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကိုယ်တိုင်ဝန်ခံ ပြောကြားပြီး ရောင်းချသောကြောင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဟန်ဆွေဇင် (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၃၂၇၀)**
**ROYAL LAW FIRM**
**တိုက်အမှတ် (E–3)၊ လမ်း–၇၀၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း– ၀၉– ၂၀၅၁၉၅၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှ သံထည်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၃၀–၁၁–၂၀၂၂ ရက်တွင် တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| က။ | သံထည်ပစ္စည်း | ၁၄ မျိုး | ၃၀–၁၁–၂၀၂၂ | ၁၂:၀၀ | ၃၀–၁၁–၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၅)ရက် ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄) နေပြည်တော်နှင့် အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၀၉–၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အားသစ်မာန်ကုမ္ပဏီလီမိတက်
## (ARR THIT MAN COMPANY LIMITED)၏
## မူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၇ လမ်း၊ ၆၄ x ၆၅ လမ်းကြား၊ အမှတ် (EI–E10)ရှိ အားသစ်မာန်ကုမ္ပဏီလီမိတက် (ARR THIT MAN COMPANY LIMITED) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ –

အထက်ဖော်ပြပါ Vic (ဗွီအိုင်စီ)အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ARR THIT MAN COMPANY LIMITED မှ မှတ်ပုံတင်စာချုပ်အမှတ် (၃၁၀၅/၂၀၂၂)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ARR THIT MAN COMPANY LIMITED မှ Vic (ဗွီအိုင်စီ)အမှတ်တံဆိပ်ကို အသုံးပြု ၍ Convenience Store (အချိန်မရွေးဝယ်ယူနိုင်သော ကုန်မျိုးစုံဆိုင်)များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ပုံစံအရွယ်အစားအမျိုးမျိုး၊ ဆေးရောင်အမျိုးမျိုးဖြင့်ထည့်သွင်း၍ ရုံးသုံးစာရွက်စာတမ်းများ၊ အသုံးဆောင်ပစ္စည်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ဗွီနိုင်းကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာ၊ TV ကြော်ငြာ၊ ဗီဒီယိုကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာ၊ Internet Website, Email၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်းတံဆိပ်တုံးအစရှိသည်တို့တွင် ဖိနှိပ်၊ တွယ်ကပ်၊ ရိုက်နှိပ်၍ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို အရှေ့မှသော်လည်းကောင်း၊ အလယ်မှသော်လည်းကောင်း၊ အနောက်မှသော်လည်းကောင်း တစ်စုံတစ်ရာ စာသားများဖြည့်စွက်၍ အမှတ်တံဆိပ်အဖြစ် အသုံးပြုခြင်း၊ အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၃၇၃/၁၃)**
**ဖုန်း–၀၉–၉၆၆၆၆၀၄၉၆**

## အများသိစေရန် အသိပေးကြေညာခြင်း

